# ခေတ်လူငယ်

## သတင်းလွှာ




အတွဲ(၄)၊အမှတ်(၃၃)။ ၂၀၁၀ ခုနှစ်၊ဇူလိုင်လ(၃၀)ရက်၊သောကြာနေ့

# ပြည်တွင်းသတင်း

## အသည်းရောဂါဆိုင်ရာ နောက်ဆုံးပေါ်စက်ဖြင့် မြန်မာနိုင်ငံ၌ စစ်ဆေးနိုင်ပြီ

အသည်းခြောက်၊ အသည်းကြွပ်၊ အသည်းအဆီဖုံးခြင်း ရောဂါများအတွက် အသားစ နမူနာယူစစ်ဆေးခြင်း (Liver Biopsy)ကို အစားထိုးလျက်စစ်ဆေးနိုင်သော နောက်ဆုံးပေါ်စစ်ဆေးမှုကို မြန်မာနိုင်ငံ၌ ပြုလုပ်နိုင်ပြီဖြစ်ကြောင်း၊ Fibroscan ဟုခေါ်သော ၎င်းစက်သည် Transient Elasto Graphyနည်းပညာဖြင့်လူနာျအားလုံးဝမနာကျင်စေပဲ စက္ကန့်အနည်းငယ်အတွင်း အသည်းခြောက်ခြင်းအဆင့်ကို တိကျစွာ ဖော်ထုတ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ Fibroscan စက်ဖြင့် စစ်ဆေးခြင်းသည် ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသောတယ်လီဖေးရှင်း ဓာတ်မှန်တစ်မျိုးဖြစ်ကြောင်း၊ ပြင်သစ်နိုင်ငံ Echosens ကုမ္ပဏီမှထုတ်လုပ်ပြီးကမ္ဘာပေါ်တွင်အလုံး ၆၀၀ကျော်ရှိသည့်အနက်အရှေ့တောင်အာရှတွင်၁၀လုံးကျော်သာရှိကြောင်း၊ မြန်မာနိုင်ငံတွင် ပထမဆုံးနှင့် တစ်ခုတည်းသော ယူနစ်ဖြစ်ကြောင်း သိရသည်။ အဓိကအားဖြင့်အသည်းရောင်ဘီပိုး၊စီပိုးရှိသူများ၊အသည်းအဆီဖုံးသူများနှင့်အရက်သောက်၍ အသည်းမကျန်းမာသူများ၊ အသည်းကျန်းမာရေးကို ပုံမှန်စစ်ဆေးလိုသူများအတွက် မရှိမဖြစ်သော စစ်ဆေးခြင်းဖြစ်ကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် ပြည်ပနိုင်ငံများထက် များစွာသက်သာသောနှုန်းဖြင့် SML Advanced Medical Laboratory တွင် စစ်ဆေးပေးနေကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း - ၅၄၄၄၆၃၊ ၅၄၄၄၆၄နှင့် ၅၄၄၄၆၅ တို့သို့ နံနက် ၇နာရီမှ ည ၁၀နာရီအထိ တိုက်ရိုက်ဆက်သွယ်မေးမြန်းနိုင်ကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်လ ၂၄ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြထားပါသည်။

## နိုင်ငံခြားငွေ ရင်းနှီးမြှုပ်နှံမှု ဈေးကွက်သစ်တွေပေါ်လာနိုင်

ပုဂ္ဂလိက ဘဏ်သစ်တွေပေါ်ပေါက်လာပြီး တောင့်တင်းခိုင်မာမှုရှိလာရင် နောက်ပိုင်းမှာ နိုင်ငံတော်ရဲ့ မူဝါဒကို လိုက်ပြီးနိုင်ငံခြားငွေရင်းနှီးမြှုပ်နှံမှု ဈေးကွက်သစ်တွေ ပေါ်လာနိုင်တယ်လို့ ဘဏ်လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်အချို့က သုံးသပ်ကြတယ်။ အဲသည်လို နိုင်ငံခြားငွေရင်းနှီးမြှုပ်နှံမှုဈေးကွက်သစ်တွေ ပေါ်လာရင် တစ်ချိန်ချိန်မှာ စီးပွားရေးလုပ်တဲ့လူငယ်တွေအတွက် အခွင့်အလမ်းတွေဖြစ်တာကြောင့် အခုကတည်းက နိုင်ငံခြားငွေဖလှယ်နှုန်းနဲ့ပတ်သက်ပြီး ကြိုတင်လေ့လာထားဖို့လိုတယ်လို့ ဘဏ်လုပ်ငန်းဆိုင်ရာကျွမ်းကျင်ပညာရှင် ဆရာဦးဝင့်ကျော်ကဆိုပါတယ်။ အဲသည်ဈေးကွက်က နိုင်ငံတော်မူဝါဒပေါ်မူတည်ပြီး ချက်ချင်းလဲဖြစ်နိုင်သလို နောက်ဆယ်နှစ်၊ ၁၅နှစ်လောက်ကြာမှလည်းဖြစ်နိုင်တယ်လို့ဆိုတယ်။ နိုင်ငံတော်ရဲ့မူဝါဒ၊ နိုင်ငံခြားသုံးငွေ တောင့်တင်းခိုင်မာမှုပေါ်မှာ တည်တယ်လို့သိရပါတယ်။"နိုင်ငံခြားငွေဖလှယ်မှုအတက်အကျဟာနိုင်ငံခြားငွေဝယ်အားရောင်းအား ပေါ်လဲတည်တယ်။ floating rate မှာ နိုင်ငံခြားငွေဖလှယ်နှုန်းအတက်အကျကို ဖြစ်ပေါ်စေတဲ့ အကြောင်းအချက်တွေက အဓိကနိုင်ငံခြားငွေ ဝယ်လိုအားနဲ့ ရောင်းလိုအားပေါ်မှာလဲ မူတည်တာပေ့ါ၊ အဓိကကတော့ supply and demand ပေ့ါ" ဟု ဦးဝင့်ကျော်က ပြောပါတယ်။ "လက်ရှိအချိန်မှာ အက်ဖ်အီးစီကို (အခန်းကဏ္ဍ) role နည်းနည်းမြှင့်လိုက်တာ၊ ပုဂ္ဂလိကဘဏ်သစ်တွေပေါ်လာတာ၊ အဲဒီအခြေအနေတွေကို ကြည့်လိုက်ရင် နိုင်ငံခြားငွေနဲ့ ပတ်သက်တဲ့ ဘဏ်လုပ်ငန်းတွေရှေ့မှာ ထွန်းကားလာနိုင်စရာအကြောင်းရှိတယ်၊ အလားအလာရှိတဲ့အတွက် လူငယ်တွေ နိုင်ငံခြားငွေနဲ့ပတ်သက်ပြီး ဗဟုသုတအပြည့်အဝ သိရှိထားဖို့တော့ လိုပြီ"ဟု ဦးဝင့်ကျော်က ဆက်လက်ပြောကြားခဲ့ကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်လ ၂၃ရက်နေ့ထုတ် မော်ဒန်ဂျာနယ်တွင် ဖော်ပြထားပါသည်။

## အင်တာနက်ပြတ်တောက်မှုမရှိစေရန် အိမ်နီးချင်းနိုင်ငံများနှင့် ဖိုင်ဘာဆက်ကြောင်းများ ထပ်မံသွယ်တန်းနေ

ပြည်တွင်း၌ အင်တာနက်အသုံးပြုရာတွင် ဆက်သွယ်မှုပြတ်တောက်ခြင်းမရှိစေရန် အိမ်နီးချင်းနိုင်ငံများနှင့် ဖိုင်ဘာဆက်ကြောင်းများ ထပ်မံသွယ်တန်းနေကြောင်း ရတနာပုံတယ်လီပို့ သတင်းအချက်အလက်နှင့် နည်းပညာဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ မြန်မာနိုင်ငံမှ ဆက်သွယ်ထားသော နယ်စပ်ဖြတ်ကျော် ဖိုင်ဘာဆက်ကြောင်းများအဖြစ် မြန်မာ-တရုတ် ဖိုင်ဘာဆက်ကြောင်းခြောက်ခု၊ မြန်မာ-ထိုင်း ဖိုင်ဘာဆက်ကြောင်းခြောက်ခုကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး လက်ရှိ မြန်မာ-အိန္ဒိယဖိုင်ဘာဆက်ကြောင်းနှစ်ခုနှင့် မြန်မာ-ဗီယက်နမ် ဖိုင်ဘာဆက်ကြောင်းနှစ်ခုတို့ကို အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း သိရသည်။ အရှေ့တောင်အာရှအလယ်ပိုင်းနှင့် အနောက်ဥရောပနိုင်ငံများ ဆက်သွယ်ထားသော ရေအောက်ကေဘယ်လ်ကြိုး ပြတ်တောက်မှုကြောင့် ဖြစ်ပေါ်မည့်အင်တာနက်ဆက်သွယ်ရေးပြတ်တောက်ခြင်းမျိုးဖြစ်ပေါ်တော့မည်မဟုတ်ကြောင်း၊၎င်းအပြင်အင်တာနက်ဆက်သွယ်မှုလိုင်းများ ယခင်ကထက် ပိုမိုမြန်ဆန်လာမည်ဖြစ်ကြောင်း ၎င်းက ပြောပြသည်။ ယခုအခါ ဖိုင်ဘာကြိုးမျှင်သုံး အင်တာနက်စနစ်ကိုစတင်ကျင့်သုံးနေပြီဖြစ်သည်။အဆိုပါစနစ်ကို မန္တလေးတိုင်း၊ ပြင်ဦးလွင်မြို့နယ် ရတနာပုံ ဆိုင်ဘာစီးတီး၌ စတင်မိတ်ဆက်ခဲ့ပြီးနောက်ပြင်ဦးလွင်၌စတင်ချထားပေးခဲ့ပြီးယခုအခါမန္တလေးမြို့၌သုံးစွဲနေပြီဖြစ်ကြောင်း၊ရန်ကုန်မြို့တွင်လည်း ချထားပေးမည်ဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်လ ၂၉ရက်နေ့ထုတ် ပြည်မြန်မာဂျာနယ်တွင် ဖော်ပြထားပါသည်။

## မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းမှ သင်္ဘောများရောင်းချရန် စီစဉ်

မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းမှ သင်္ဘောများရောင်းချရန် စီစဉ်လျက်ရှိကြောင်း မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းနှင့် နီးစပ်သည့် အသိုင်းအဝိုင်းမှစုံစမ်းသိရှိရသည်။ မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းတွင် နိုင်ငံတကာသွား ကုန်သေတ္တာတင်သင်္ဘော ၁၇ စင်းနှင့် ကမ်းရိုးတန်းသွား ခရီးသည်တင်သင်္ဘောကိုးစင်း စုစုပေါင်း ၂၆ စင်း ရှိရာတွင် ကမ်းရိုးတန်းသွား ခရီး သည်တင် သင်္ဘောဖြစ်သော သံလွင် နှင့်ချင်းတွင်းသင်္ဘောများကို ရောင်းချသွားရန် စီစဉ်လျက်ရှိကြောင်း သိရှိရသည်။ သံလွင်နှင့် ချင်းတွင်းသင်္ဘော များသည် ၁၉၉၉ ခုနှစ်က တရုတ်နိုင်ငံတွင် တည်ဆောက်ခဲ့သော သင်္ဘောများဖြစ်ကြောင်း သိရသည်။ အဆိုပါသင်္ဘောများကို ကမ်းရိုးတန်းသွားခရီးသည်တင် အပျော်စီး သင်္ဘောများအဖြစ် ပြေးဆွဲခဲ့ပြီး ၂၀၀၉ ခုနှစ် နှစ်ကုန်ပိုင်းက စတင်ပြေးဆွဲခဲ့သည့် ကိုကိုးကျွန်းအပျော်စီး သင်္ဘောခရီးစဉ်ကိုလည်း သံလွင်သင်္ဘောဖြင့် ပြေးဆွဲခြင်းရှိခဲ့ကြောင်း သိရသည်။ ထို့အပြင်ကမ်းရိုးတန်းသင်္ဘောများဖြစ်သော လှိုင်ကော်၊ လားရှိုး၊ ရွှေလီသင်္ဘောများ၊ နိုင်ငံတကာသွား ကုန်သေတ္တာတင်သင်္ဘောများဖြစ်သော ချင်းရွှေဟော်၊ ကျိုင်းတုံ၊ ထား ဝယ်၊ကိုကိုးကျွန်းနှင့် ကျောက်ဖြူသင်္ဘောစသည်တို့ကိုလည်း ပြည်တွင်း၊ ပြည်ပသင်္ဘော ကုမ္ပဏီများထံ သို့ငှားရမ်းထားကြောင်း သိရသည်။ မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းသည် ပုဂ္ဂလိကပိုင်အဖြစ်သို့ ပြောင်းလဲပြီးနောက်ပိုင်းတွင် သင်္ဘောသားများ၏ လစာနှုန်းထားသစ်များကို သင်္ဘောအမျိုးအစားများ ခွဲခြားသတ်မှတ်၍ ထုတ်ပြန် ခဲ့ရာ၌ ရပ်နားထားမည့်သင်္ဘော(Laid Up Vessel) သင်္ဘောများကိုလည်း ထုတ်ပြန်ကြေညာမှုရှိခဲ့သည်။ ယင်းထုတ်ပြန်ချက်တွင် သံလွင်၊ ချင်း တွင်း၊ ဟားခါး၊ ချင်းရွှေဟော်၊ မိုင်းလား၊ ဘားအံ၊ ပုဂံနှင့် ပဲခူးသင်္ဘော များ  ပါရှိခဲ့သည်။  အဆိုပါ သင်္ဘောများတွင် လက်ရှိအနေအထားအရ ချင်းရွှေဟော် သင်္ဘောကို ပြည်တွင်းရှိ သင်္ဘောကုမ္ပဏီတစ်ခုမှ အိန္ဒိယခရီးစဉ်တွင် ပြေးဆွဲရန်ငှားရမ်းခဲ့ပြီးပဲခူးသင်္ဘောမှာမူမြန်မာ့ကြယ်ငါးပွင့်သင်္ဘော လုပ်ငန်းအတွက် ခရီးစဉ်များပြေးဆွဲ လျက်ရှိကြောင်း သိရသည်။ Laid Up Vessel ထုတ်ပြန်ချက်တွင် ပါရှိသည့် အခြားသင်္ဘောများမှာမူ ရန်ကုန်ဆိပ်ကမ်းအတွင်းဆိုက်ကပ်ရပ်နားထားကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်လ ၂၈ရက်နေ့ထုတ် Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

# ပြည်တွင်းသတင်း မှ အဆက်

## ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ၂၀၁၂တွင် အပြီးတည်ဆောက်မည်

ရန်ကုန်မြို့တွင်း စက်မှုဇုန်များကို အဓိကထား၍ လျှပ်စစ်ဓာတ်အားပေးဝေမည့် ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဒီဇိုင်းကို ရေးဆွဲပြီးစီး၍ ယခုနှစ် မကုန်ခင် လုပ်ငန်းစတင်မည်ဖြစ်ကာ ၂၀၁၂တွင် အပြီးသတ်တည်ဆောက်မည်ဖြစ်ကြောင်း အဆိုပါစက်ရုံတည်ဆောက်ရေးစီမံကိန်း ဒါရိုက်တာ ဦးစိန်သီးက ပြောကြားသည်။ " စက်ရုံပြီးသွားရင် ရွှေပြည်သာစက်မှုဇုန်၊ ရွှေလင်ပန်းစက်မှုဇုန်၊ လှိုင်သာယာစက်မှုဇုန်တွေကို အဓိကထားပြီး လျှပ်စစ်မီးပေးဝေနိုင်မှာပါ။ ကျန်တာကိုတော့ သက်ဆိုင်ရာ လျှပ်စစ်ဌာနနဲ့ ပူးပေါင်းပြီး ရောင်းချပေးမယ်"ဟု ၎င်းက ပြောကြားသည်။ စက်ရုံတည်ဆောက်ရေးစီမံကိန်းမှာ ရန်ကုန်တိုင်း ၊ ထန်းတစ်ပင်မြို့နယ်တွင်ဖြစ်ပြီး ကနဦးကာလ လျှပ်စစ် ၁၃၅မဂ္ဂါဝပ် ထုတ်လုပ်ရန်နှင့် ခြောက်လအကြာတွင် ၂၇၅မဂ္ဂါဝပ် ထုတ်လုပ်ရန် လျာထားကြောင်း၊ ၎င်းစီမံကိန်း အတွက် ကုန်ကျစရိတ်အားလုံးကို ပုဂ္ဂလိကက တာဝန်ယူ တည်ဆောက်ခြင်းဖြစ်၍ ကုမ္ပဏီက နှစ် ၂၀ ကြာ ဆောင်ရွက်လုပ်ကိုင်ခွင့်ရရှိမည်ဖြစ်ကာ နှစ် ၂၀နောက်ပိုင်း နိုင်ငံတော်သို့ ပြန်လည်လွှဲပြောင်းပေးရမည်ဖြစ်ကြောင်း၊စီမံကိန်းမှာ ဒေါ်လာသန်း ၃၀၀ကုန်ကျမည်ဖြစ်ပြီး အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက တာဝန်ယူကြီးကြပ်သွားမည်ဖြစ်ကြောင်း၊ ရန်ကုန်မြို့တော်အတွင်းလျှပ်စစ်ဓာတ်အားအဆင်ပြေစေရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်းသိရသည်။ ကျောက်မီးသွေး အများအပြားထွက်ရှိသော စစ်ကိုင်းတိုင်း၊ ကလေးဝမြို့နယ်၌ ကျောက်မီးသွေးအသုံးပြု လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်၍ မြန်မာနိုင်ငံ အထက်ပိုင်းသို့ လျှပ်စစ်ဓာတ်အားပေးဝေနိုင်ရန် တရုတ်နှင့် မြန်မာတို့ ပူးပေါင်းဆောင်ရွက်ရန်လည်းရှိကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်လ ၂၉ရက်နေ့ထုတ် ပြည်မြန်မာဂျာနယ်တွင် ဖော်ပြထားပါသည်။

## ငါးသိန်းတန်ဖုန်း ပြောဆိုရလွယ်ကူစေရန် ရေဒီယိုစခန်းများ ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် တိုးမြှင့်တပ်ဆင်နေ

သုံးစွဲသူများအကြိုက်တွေ့လျက်ရှိသော ကျပ်ငါးသိန်းတန်ဝိုင်ယာလက်အော်တို တယ်လီဖုန်းများကို ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းအတွင်းရှိ နယ်များတွင်သုံးစွဲပြောဆိုနိုင်ရန် လိုအပ်သော ရေဒီယိုစခန်းများ တိုးချဲ့တပ်ဆင်နေပြီဖြစ်ကြောင်း သိရသည်။ " ဒီကျပ်ငါးသိန်းတန် ဝိုင်ယာလက်အော်တိုတယ်လီဖုန်းကို ရန်ကုန်မြို့နှင့် မန္တလေးမြို့များ အတွင်းမှာသာ ပြောဆိုခွင့်ပြုထားတာဖြစ်ပေမယ့် နီးစပ်ရာမြို့နယ်တွေအထိပါ အစဉ်အတိုင်းတိုးချဲ့ပြီး ပြောဆိုသုံးစွဲနိုင်အောင် ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ဥပမာ- ရန်ကုန်တိုင်း အတွင်းမှာဆိုရင် ထောက်ကြန့်မြို့နယ်မှာ ပြောလို့ရနေပေမယ့် မှော်ဘီမြို့နယ်အတွင်းမှာ ပြောလို့မရသေးတဲ့အတွက်ယခုဆိုရင် မှော်ဘီမြို့နယ်မှာပါ ပြောလို့ရအောင်ကျွန်တော်တို့အနေနဲ့ မှော်ဘီမြို့နယ်မှာ လိုအပ်တဲ့ ရေဒီယိုစခန်းတွေကို တည်ဆောက်နေပြီဖြစ်သလို ဒလနဲ့ လေးဒေါင့်ကန်မှာဆိုရင်လဲ စခန်းတွေ တည်ဆောက်နေတာပြီးသလောက်နီးပါးရှိနေပါပြီ။ ဒါကြောင့်ရန်ကုန်တိုင်းအတွင်း ယခင်က မရသေးတဲ့ မြို့နယ်တွေမှာလဲ မကြာခင် ပြောဆိုလို့ရနိုင်တော့မှာ ဖြစ်သလို မန္တလေးမှာဆိုရင်လဲ ယခင်က မရခဲ့တဲ့ ကျောက်ဆည်၊စဉ့်ကိုင်နဲ့ ရွှေစာရံတို့မှာလဲဒီဝိုင်ယာလက်အော်တိုတယ်လီဖုန်းနဲ့ ပြောဆိုနိုင်ဖို့လိုအပ်တဲ့ ရေဒီယိုစခန်းတွေကို တိုးချဲ့တပ်ဆင်နေပါပြီ " ဟု ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ ရန်ကုန်နှင့် မန္တလေးတိုင်းအတွင်းတွင် အဆိုပါဖုန်းများကို သုံးစွဲနေကြသော ပြည်သူများအနေဖြင့် ဖုန်းပြောဆိုရာတွင် ပိုမိုအဆင်ပြေစေရန်အတွက် ရန်ကုန်တိုင်းတွင် ယခုအခါ သက်ဆိုင်ရာ တာဝန်ရှိသူများက ရေဒီယိုစခန်း ၆၄ ခုတပ်ဆင်ပေးလျက်ရှိပြီး မန္တလေးတိုင်းတွင်လည်း စခန်း ၃၀နီးပါးအထိ တိုးမြှင့်တပ်ဆင်ပေးလျက်ရှိကြောင်း ၂၀၁၀ ခုနှစ် ဇူလိုင်လ ၂၇ရက်နေ့ထုတ် Flower News ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ရွှေသံလွင်နှင့် ရတနာပုံပူးပေါင်း၍ ရုပ်သံလိုင်းသစ် ထုတ်လွှင့်မည်

ဖိုက်ဘာဆက်ကြောင်း အင်တာနက်လိုင်း (Fiber to the Home) စနစ်ပေါ်တွင် ဝန်ဆောင်မှုပေးမည့် Triple Play Services တွင် ပါဝင်သော IPTV အစီအစဉ်အတွက်နိုင်ငံတကာ i-Move TV Channel ကို ပြည်တွင်းရှိ ပုဂ္ဂလိကကုမ္ပဏီတစ်ခုမှ စတင်အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း စုံစမ်းသိရှိရသည်။ Fiber to the Home (FTTH) စနစ်ပေါ်တွင် အခြေခံပြီး နိုင်ငံတကာရုပ်သံလိုင်းများ တိုက်ရိုက်ထုတ်လွှင့်မည့် အစီအစဉ်ကို ပုဂ္ဂလိက ကုမ္ပဏီတစ်ခုဖြစ်သော ရွှေသံလွင်ကုမ္ပဏီလီမိတက်၏ လုပ်ငန်းခွဲတစ်ခုဖြစ်သည့် ရွှေသံလွင်မီဒီယာနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၏ သတင်းအချက်အလက်နှင့် နည်းပညာလုပ်ငန်းများကို လုပ်ကိုင်ခွင့်ရရှိထားသော ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ ပြည်တွင်းမှ နိုင်ငံတကာရုပ်သံလိုင်းများကို တိုက်ရိုက်ကြည့်ရှုနိုင်စေရန်အတွက် အဓိကရည်ရွယ်သော အဆိုပါထုတ်လွှင့်မှု အစီအစဉ်တွင် ကမ္ဘာတစ်ဝန်းမှ လူကြိုက်အများဆုံး ရုပ်သံလိုင်းများကို တစ်စုတစ်စည်းတည်း တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်ပြီး ရုပ်သံလိုင်း ၂၉လိုင်း ပါဝင်မည်ဖြစ်ပြီး အခမဲ့ရုပ်သံလိုင်း (Free Channal) ငါးလိုင်းနှင့် အခပေးရုပ်သံလိုင်း၂၄လိုင်းပါဝင်မည်ဖြစ်သည်။အဆိုပါရုပ်သံလိုင်းများပေါင်း၂၉လိုင်းတွင်ပြည်တွင်းရုပ်သံလိုင်းများပါ ပါဝင်မည်ဖြစ်သည်။ ယင်းရုပ်သံလိုင်းများအား FttH စနစ်ကို အသုံးပြုသူများ သုံးစွဲနိုင်မည်ဖြစ်ပြီး၊ CNN, MTV, Star Movies အစရှိသောနာမည်ကျော် ရုပ်သံလိုင်းများ ပါဝင်မည်ဖြစ်သည်။ အဆိုပါ ရုပ်သံလိုင်းများထုတ်လွှင်ပြသခွင့်ကို ရွှေသံလွင်ကုမ္ပဏီက ထိုင်းနိုင်ငံရှိ ရုပ်သံလိုင်း အေဂျင်စီများထံမှတစ်ဆင့် ဝယ်ယူထားခြင်းဖြစ်ပြီး၊ ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်မှာ မူရင်းနည်းပညာအတွက် လိုအပ်သော အိုင်စီတီဆိုင်ရာ အခြေခံအဆောက်အအုံဖြစ်သည့် Infrastructure ပိုင်းကို ပံ့ပိုးထားခြင်းဖြစ်ကြောင်း သက်ဆိုင်ရာတာဝန်ရှိသူများထံမှ သိရကြောင်း ၂၀၁၀ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့ထုတ် 7 Day News ဂျာနယ်တွင် ဖော်ပြထားပါသည်။

## မန္တလေးစက်မှုဇုန်တွင် ပြည်ပမှစက်ပစ္စည်း အစိတ်အပိုင်းများ တင်သွင်း၍ ဘက်စုံးသုံးယာဉ်၊ ဘတ်စ်ကားနှင့် ကုန်တင်ယာဉ်ကြီးများ ထုတ်လုပ်မည်

မန္တလေးစက်မှုဇုန်တွင် ပြည်ပမှ စက်ပစ္စည်းအစိတ်အပိုင်းများတင်သွင်း၍ ရှစ်ယောက်စီးဘက်စုံသုံးယာဉ်၊ အယောက် ၅၀ စီး ဘတ်စ်ကားနှင့် တန် ၂၀ ကုန်တင်ယာဉ်ကြီးများကို ထုတ်လုပ်သွားမည်ဖြစ်ပြီး ယင်းထုတ်လုပ်ခွင့်ကို လုပ်ငန်းရှင်ငါးဦးက ရရှိထားကြောင်း သတင်းရရှိသည်။ " အခုလိုကားတွေကို တင်သွင်းထုတ်လုပ်ခွင့်ပြုတဲ့အတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ပေါ်လာပါတယ်။ အလုပ်အကိုင်တွေ ရရှိစေမှာဖြစ်သလို အဆင့်မီကားတွေကိုလည်း ဈေးသက်သက်သာသာနဲ့ စီးလာနိုင်ပါမယ်။ ကျွန်တော်တို့ထုတ်မယ့် ဘက်စုံသုံးယာဉ်ဆိုရင် ရောင်းဈေး ကျပ် ၂၉၈ သိန်းနဲ့ သုံးရစ်ခွဲပြီး ရောင်းချပေးမှာဖြစ်ပါတယ် " ဟု Universal Dexterity Group Co.,Ltd မှ မန်နေဂျင်းဒါရိုက်တာ ဦးခင်မောင်ဝင်းက ရှင်းပြသည်။ မန္တလေးစက်မှုဇုန်ရှိ မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့ထုတ်လုပ်မည့် မော်တော်ယာဉ်များတွင် အသုံးပြုရန် လိုအပ်သော အင်ဂျင်နှင့်ဆက်စပ်ပစ္စည်းများကို မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ထုတ်ပေးသော ထောက်ခံချက်အတိုင်းမဟုတ်ဘဲ ပြင်ဆင်တင်သွင်းလာခြင်း၊ မမှန်မကန်တင်သွင်းလာခြင်း ပြုလုပ်ပါက သိမ်းဆည်းအရေးယူခံရမည်ဖြစ်ကြောင်းနှင့် B/L နှင့်အတူ Invoiceတွင် အင်ဂျင်နံပါတ်များ မှန်ကန်ပြည့်စုံစွာ ထည့်သွင်းဖော်ပြရန် လိုအပ်ကြောင်း သိရသည်။ မန္တလေးစက်မှုဇုန်တွင် ယခင်က ဂျစ်ကားများ၊ လိုက်ထရပ်ကားများ၊ ကုန်တင်ကားများကိုသာ ထုတ်လုပ်ခဲ့ရာမှ ယခုအခါ ဘက်စုံသုံးယာဉ်များနှင့် လူစီးဘတ်စ်ကားများကို တိုးချဲ့ထုတ်လုပ်နိုင်တော့မည် ဖြစ်ကြောင်းနှင့် အဆိုပါစက်မှုဇုန်တွင် မော်တော်ယာဉ်ထုတ်လုပ်သည့် လုပ်ငန်းပေါင်း ၂၃ခု ရှိကြောင်း ၂၀၁၀ ခုနှစ် ဇူလိုင်လ ၂၈ရက်နေ့ထုတ် Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

# ပြည်တွင်းသတင်း

## အင်းလေးကန်အတွင်း၌ ကျေးရွာများ၊ အိမ်များ၊ ကျွန်းမျှောများအပြင် ဟိုတယ်နှင့် စားသောက်ဆိုင်များ ထပ်မံတိုးချဲ့တည်ဆောက်ခြင်းကို ခွင့်မပြုတော့

အင်းလေးကန် ရေရှည်တည်တံ့နိုင်ရန်အတွက် ကန်အတွင်းကျေးရွာများ၊ အိမ်များ၊ ကျွန်းမျှောများအပြင် ဟိုတယ်နှင့်စားသောက်ဆိုင်များထပ်မံတိုးချဲ့တည်ဆောက်ခြင်းကို ခွင့်ပြုတော့မည်မဟုတ်ကြောင်း ဇူလိုင်လ ဒုတိယပတ်အတွင်း ရှမ်းပြည်နယ်၌ ပြုလုပ်ခဲ့သည့် အင်းလေးကန်ပြန်လည် ထူထောင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဆုံးဖြတ်ချက်များကို ကိုးကား၍ FREDA မှ ဒုတိယဥက္ကဋ္ဌ ဦးအုန်းကပြောသည်။ အင်းလေးကန် ဧရိယာအတွင်း စီးပွားရေး လုပ်ငန်းများဖြစ်သည့် ဟိုတယ်များ၊ စားသောက်ဆိုင်များအပြင် လူနေအိမ်များ၊ ကျေးရွာများ တိုးချဲ့တည်ဆောက်လာမှုများကြောင့် လူဦးရေသိပ်သည်းမှု မြင့်တက်လာခဲ့ရာ ယင်းဖြစ်ရပ်များကြောင့် အင်းလေးကန်၏ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများရှိလာခဲ့ကြောင်း သိရှိရသည်။ အင်းလေးကန်အတွင်း ကျေးရွာများ၊ အိမ်များ၊ ကျွန်းမျှောများ ထပ်မံတိုးချဲ့ဆောက်လုပ်ခြင်း မပြုရန်၊ အင်းလေးကန်အတွင်းမှ မလိုအပ်သည့် ဒိုက်၊မျော်၊နန်းများကို ဆယ်ယူဖယ်ရှားရန်၊ အဓိက ချောင်းကြီးကိုးခုကို ရေစီးရေလာကောင်းမွန်ရန်အတွက် ပြန်လည်ထိန်းသိမ်းပြုပြင်ရန် စသည့်အချက်များကိုလည်း စီမံကိန်းချမှတ်ဆောင်ရွက်သွားရန် အစီအစဉ်ရှိကြောင်း သိရှိရသည်။ ယခုအချိန်၌ ညောင်ရွှေမြို့တွင်းနှင့် အင်းလေးကန်ပတ်လည်၌ တည်ဆောက်ပြီးလုပ်ငန်းလည်ပတ်နေသော ဟိုတယ်စုစုပေါင်း ၄၀ ရှိနေပြီး အခန်းအရေအတွက်အားဖြင့် စုစုပေါင်း ၈၉၈ ခန်းရှိနေကြောင်း ၂၀၁၀ ခုနှစ် ဇူလိုင်လ ၂၈ရက်နေ့ထုတ် Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ပြည်တွင်းအလုပ်အကိုင် ရှာဖွေရေးအေဂျင်စီများ အလုပ်ရှာသူထံမှ ဝန်ဆောင်ခမယူရန်သတ်မှတ်

ပြည်တွင်းရှိ အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများအနေဖြင့် အလုပ်လာရောက်ရှာဖွေသူများထံမှ မည်သည့်ဝန်ဆောင်ခမှ မယူရဟု အလုပ်သမားဝန်ကြီးဌာနက သတ်မှတ်ထားကြောင်း သိရသည်။ အဆိုပါ သတ်မှတ်ချက်များမှာ အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများ တရားဝင်လိုင်စင် လျှောက်ထားစဉ်ကပင် ပါဝင်ကြောင်း ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီတစ်ခုမှပိုင်ရှင်တစ်ဦးကပြောသည်။အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများကအလုပ်ရှာဖွေပေးသည့်အတွက်ဝန်ဆောင်မှုကိုကုမ္ပဏီများထံမှယူရကြောင်းပြည်တွင်းအေဂျင်စီတစ်ခုမှ ပိုင်ရှင်တစ်ဦးကပြောသည်။ အဆိုပါ ကိစ္စနှင့်ပတ်သက်၍ အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများကို ဝန်ထမ်းများ၏လစာများထဲမှဖြတ်ယူခြင်းများနှင့်လျှောက်ထားသည့်နေရာမဟုတ်ဘဲ ကုမ္ပဏီများနှင့် ချိတ်ပေးခြင်းများ မပြုလုပ်ရန်လည်း မေလအတွင်း၌ ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများကို အလုပ်သမားဝန်ကြီးဌာနကခေါ်ယူအသိပေးပြောကြားခဲ့ကြောင်း တောင်ဥက္ကလာပမြို့နယ်ရှိ ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီအချို့ထံမှ သိရသည်။ အေဂျင်စီများအနေဖြင့် သတ်မှတ် စည်းကမ်းများအတိုင်း လုပ်ဆောင်ပါကလာရောက်လျှောက်ထားသည့်ပမာဏ တက်လာနိုင်သကဲ့သို့ ဝန်ထမ်းများအပေါ်မှ ယူသောဝန်ဆောင်ခများကို ကုမ္ပဏီများနှင့် ညှိနှိုင်းဆောင်ရွက်သင့်ကြောင်းအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီ တစ်ခုကပြောသည်။ အလုပ်ရှာဖွေသူများအပေါ်မှ အလုပ်ရလျှင်ယူသော ဝန်ဆောင်ခများမှာ အေဂျင်စီတစ်ခုနှင့် တစ်ခုမတူညီဘဲ လစာ၏ ၁၀ရာခိုင်နှုန်းမှစ၍တစ်လစာအထိ တောင်းသည့်အေဂျင်စီများရှိကြောင်း အလုပ်အကိုင်ရှာဖွေနေသူများထံမှ သိရသည်။ ထို့ပြင် ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေ အေဂျင်စီများမှာအလုပ်ရှင(ကုမ္ပဏီ)များထံမှဝန်ဆောင်မှုနှုန်းထားများ တောင်းရာတွင်လည်း လစာတစ်လစာထက်ပိုမတောင်းရဟုသတ်မှတ်ထားကြောင်း ၂၀၁၀ ခုနှစ်ဇူလိုင်လ၂၉ရက်နေ့ထုတ်7 Day Newsဂျာနယ်တွင်ဖော်ပြထားပါသည်။

## ဂျီအက်စ်အမ်ဖုန်းဈေး ကျဆင်းနေသော်လည်း တရားဝင်အစိုးရသွင်းဈေး ပြောင်းလဲမည်မဟုတ်

ဂျီအက်စ်အမ်ဖုန်း ပြင်ပဈေးကွက်အတွင်း ဈေးနှုန်းထိုးကျလျက်ရှိသော်လည်း တရားဝင်အစိုးရသွင်းဈေး ကျပ် ၁၅သိန်းကို ပြောင်းလဲချထားမည်မဟုတ်ကြောင်း နေပြည်တော် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မိုဘိုင်းဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ "ဂျီအက်စ်အမ်ဖုန်းကဌားရမ်းသုံးစွဲခကျပ်ဆယ်သိန်းအောက်တော့မကျနိုင်ဘူး။တကယ်တမ်းကိုင်တဲ့လူတွေက ကျပ်ဆယ်သိန်းအောက်ကျခဲ့ရင် ငါးသိန်းတန်ဖုန်းတွေကို မကိုင်တော့ဘူး။ ဂျီအက်စ်အမ်ဖုန်းပဲကိုင်ဖို့များပါတယ်။ဘာဖြစ်လို့လဲဆိုတော့ငါးသိန်းတန်ဖုန်းကဟန်းဆက်အပါအဝင် ဌားရမ်းသုံးစွဲခနှင့်ဆိုရင် ခုနှစ်သိန်းကျော်ကျော်လောက် ကျမယ်။ တကယ်တမ်း ဂျီအက်စ်အမ်ဖုန်း ဆယ်သိန်းအောက်ကျရင် နောက်ထပ်နှစ်သိန်း၊ သုံးသိန်းစိုက်ပြီးဂျီအက်စ်အမ်ဖုန်းပဲ ကိုင်မှာပေါ့ " ဟု ငါးသိန်းတန်ဖုန်းကတ် တရားဝင်ရောင်းချခွင့် ရရှိထားသည့် တစ်ဦးတည်းကိုယ်စားလှယ် Elite Tech မှ ကိုဇော်မျိုးထွန်းက ပြောသည်။ မြန်မာနိုင်ငံတွင် ဂျီအက်စ်အမ်လိုင်းကွန်ရက် ဆက်သွယ်ထားသည့် မြို့ပေါင်း ၅၇မြို့ရှိပြီး ၂၀၁၀ ခုနှစ်တွင် ဖွန်လနောက်ဆုံးအထိ ဖုန်းအလုံးရေများအနေဖြင့် မိုဘိုင်းလ်ဖုန်း ၄၈၀၀၆၁လုံး၊ဂျီအက်စ်အမ်ဖုန်း ၃၄၀၇၁၈ လုံး၊ စီဒီအမ်အေ(Fixed) ၁၈၂၇၁ လုံး၊ စီဒီအမ်အေ(မိုဘိုင်းလ်) ၁၀၅၀၈၇ လုံးနှင့် ဒဗလျူစီဒီအမ်အေ ၇၄၀၉ လုံးတို့ကို တပ်ဆင်သုံးစွဲခွင့်ပြုထားပြီဖြစ်ကြောင်း ၂၀၁၀ ခုနှစ် ဇူလိုင်လ ၂၉ရက်နေ့ထုတ် ရန်ကုန်တိုင်း(မ်) ဂျာနယ်တွင် ဖော်ပြထားပါသည်။

## မြန်မာနှင့် အိန္ဒိယနိုင်ငံတို့သည် ဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းအင်နှင့် အခြားသော ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရန် နှစ်နိုင်ငံသဘောတူစာချုပ်များ ချုပ်ဆို

မြန်မာနှင့် အိန္ဒိယနိုင်ငံတို့သည် ဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းအင်နှင့် အခြားသော ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရန် နှစ်နိုင်ငံသဘောတူစာချုပ်များ ချုပ်ဆိုခဲ့ကြောင်း ဇူလိုင် ၂၈ရက်နေ့တွင် ဖော်ပြခဲ့သည့် နိုင်ငံခြားသတင်းဌာနများ၏ သတင်းများအရသိရသည်။ အဆိုပါ သဘောတူစာချုပ်များကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ အိန္ဒိယနိုင်ငံသို့ ငါးရက်ကြာခရီးစဉ်အတွင်း လက်မှတ်ရေးထိုးခဲ့ကြောင်း အေအက်ဖ်ပီ သတင်းဌာနမှ ဖော်ပြထားသည်။ ၎င်းပြင် အိန္ဒိယအနေဖြင့် မြန်မာနိုင်ငံနှင့် မီဇိုရမ်ပြည်နယ်ကို ဆက်သွယ်ပေးမည့် လမ်းဖောက်လုပ်ရေးအတွက် အမေရိကန်ဒေါ်လာ သန်း ၆၀ ကမ်းလှမ်းခဲ့ကြောင်း သိရသည်။ မြန်မာနှင့် အိန္ဒိယတို့သည် စီးပွားရေးပူးပေါင်းဆောင်ရွက်သည့် စာချုပ်များအပြင် အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ တရားမဝင် မူးယစ်ဆေးရောင်းဝယ်မှုတိုက်ဖျက်ရေး၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးနှင့် လက်နက်နှင့် ပေါက်ကွဲစေတတ်သည့်ပစ္စည်းများ မှောင်ခိုရောင်းဝယ်မှု တိုက်ဖျက်ရေးတို့အတွက်လည်း သဘောတူညီခဲ့ကြောင်းအိန္ဒိယသတင်းဌာနများကရေးသားထားသည်။အိန္ဒိယသည်မြန်မာနိုင်ငံ၏စွမ်းအင်ကဏ္ဍ၊ ရေအားလျှပ်စစ်ကဏ္ဍနှင့် အခြားသောကဏ္ဍများတွင် ကန်ဒေါ်လာသန်းပေါင်းများစွာ ရင်းနှီးမြှုပ်နှံထားကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်လ ၃၀ရက်နေ့ထုတ် မြန်မာတိုင်း(မ်)ဂျာနယ်တွင် ဖော်ပြထားပါသည်။

## AFTA သဘောတူညီမှုအရ မြန်မာနိုင်ငံအနေဖြင့် အရေးကြီးကုန်စည်များမှအပ ကျန်ကုန်စည်များကိုမူ ၂၀၁၅အရောက်တွင် အကောက်ခွန် သုညဒသမ ၅ရာခိုင်နှုန်းအထိ လျှော့ချသွားမည်

အာဆီယံလွတ်လပ်စွာကုန်သွယ်ရေးသဘောတူစာချုပ် (AFTA)အရ မြန်မာနိုင်ငံအနေနှင့်မူ အရေးကြီးကုန်စည်များမှအပ ကျန်ကုန်စည်များကို ၂၀၁၅ခုနှစ်အရောက်တွင် အကောက်ခွန် သုညဒသမ ၅ရာခိုင်နှုန်းသို့ လျှော့ချသွားမည်ဖြစ်ကြောင်း အာဆီယံအကောက်ခွန်ရေးရာကျွမ်းကျင်သူများထံမှ သိရသည်။ AFTA အစီအစဉ်အောက်ရှိ အာဆီယံပေါင်းစည်းရေးကဏ္ဍနှင့် အာဆီယံကုန်စည်ကုန်သွယ်မှုနှင့် ကုန်စည်ရောင်းဝယ်ဖောက်ကားခြင်း သဘောတူညီချက် (ASEAN Trade and Goods Agreement)အရ မြန်မာနိုင်ငံ အနေဖြင့် ၂၀၁၂ခုနှစ်တွင် အခွန်လျှော့ချရန် သတ်မှတ်ထားသည့် ကုန်ပစ္စည်းများ၏ ၈၀ရာခိုင်နှုန်းကို သုညရာခိုင်နှုန်းအထိဆက်လက်လျှော့ချပေးသွားမည်ဖြစ်ကြောင်းလည်းအကောက်ခွန်မူဝါဒရေးရာ လေ့လာရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောပြခဲ့သည်။ ၂၀၁၂ခုနှစ်တွင် အကောက်ခွန်လျှော့ချပေးမည့်ကုန်စည်များမှာကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊သစ်အခြေခံပစ္စည်းများ၊ မော်တော်ယာဉ်များ၊ စိုက်ပျိုးရေးအခြေခံပစ္စည်းများနှင့် ရေထွက်ကုန်ပစ္စည်းများပါဝင်ကြောင်းလည်း သိရသည်။ "အကောက်ခွန်နှုန်းထား ချက်ချင်းလျှော့ပေးနိုင်ခြင်းမရှိတဲ့ ကုန်ပစ္စည်းတွေ၊ ခေတ္တအကာအကွယ်ပေးလိုတဲ့ ကုန်ပစ္စည်းတွေကို ယာယီအားဖြင့် ဖယ်ထားတဲ့စာရင်းထဲမှာထည့်ထားပြီး ချည်ထည်၊ အထည်အလိပ် ပစ္စည်း၊ စက်ပစ္စည်းနဲ့ လျှပ်စစ်ပစ္စည်းတွေပါဝင်တယ်။ ပြီးရင် နှစ်အလိုက် ထည့်သွင်းစာရင်းကို ရွှေ့ပြောင်းပေးရပါမယ်။ လတ်တလောအခြေအနေအရ အကောက်ခွန်လျှော့ချတာကို အချိန်ယူအကာအကွယ်ပေးလိုတဲ့အတွက် ဆန်၊ ကော်ဖီ၊ ဝါနဲ့သကြားစတဲ့ ကုန်ပစ္စည်းတွေဟာ အရေးကြီးစာရင်း (Sensitive List-SL)တွင်ပါဝင်ပြီး နှစ်အကန့်အသတ်နဲ့ ချန်လှပ်ထားပါတယ်"ဟု ၎င်းကဆက်လက်ပြောကြားခဲ့ကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်လ ၃၀ရက်နေ့ထုတ် Bi Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

## မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက် (၂၀၁၀ပြည့်နှစ်၊ ဇူလိုင်လ ၂၉ရက်နေ့မှဩဂုတ် ၄ရက်နေ့အထိ)

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင်လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်ပါသည်။ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင်မုတ်သုံလေအားအသင့်အတင့်ရှိနိုင်ပါသည်။

ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ရွာသွန်းမြဲထက်ပိုပြီး ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် ရွာသွန်းမြဲအောက်လျော့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ရွာသွန်းမြဲခန့်ရွာနိုင်ပါသည်။

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့်ကသာမြို့တို့တွင် ၁၅၀ စင်တီမီတာ(ငါးပေခန့်)၊ မန္တလေးမြို့၊စစ်ကိုင်းမြို့၊ညောင်ဦးမြို့၊ချောက်မြို့၊မင်းဘူးမြို့၊မကွေးမြို့၊အောင်လံမြို့၊ ပြည်မြို့နှင့် ဟင်္သာတမြို့တို့တွင် ၁၂၀ စင်တီမီတာ(လေးပေခန့်) လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်ပါသည်။
ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့တို့တွင် ၁၈၀ စင်တီမီတာ(ခြောက်ပေခန့်)၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၁၅၀ စင်တီမီတာ(ငါးပေခန့်) လက်ရှိရေမှတ်များ၏ အထက်မြင့်တက်လာနိုင်ပါသည်။

# နိုင်ငံတကာသတင်း

## တရုတ်ပြည်ချုံကျင်းဒေသတွင် မာဖီးယားဂိုဏ်းအား ဖြိုခွင်း

တရုတ်နိုင်ငံ ချုံကျင်း မြူနီစပယ်ဒေသ၏ ရဲတပ်ဖွဲ့သည် မာဖီးယားဂိုဏ်းများအား ရှာဖွေဖော်ထုတ်၍ ဖြိုခွဲရေး စစ်ဆင်မှုကို ကျယ်ပြန့်စွာ ဆောင်ရွက်လျက်ရှိသည်။ အဆိုပါစစ်ဆင်ရေးတွင် မာဖီးယားဂိုဏ်းဖွဲ့၍ အကြမ်းဖက်တိုက်ခိုက်ခြင်း၊ လိင်ကုန်ကူးမှုများဆောင်ရွက်ခြင်း၊ မြေယာများမတရားသိမ်းပိုက်ခြင်း၊ လာဘ်ပေးလာဘ်ယူခြင်းတို့ဖြင့် လူပေါင်း ၄၆ဦးကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။ ၎င်းတို့အထဲတွင် ချုံကျင်းဒေသ ပောလ်တန်ဟိုတယ်၏ ရှယ်ယာအများစုပိုင်သော မစ္စတာ ပင်စီမင်းဆိုသူအားလည်းဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။၎င်းအမများနှင့်ပတ်သက်၍ အကာအကွယ်ပေးနေသော အစိုးရအရာရှိ ၂ဦးကိုလည်း ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ ၎င်းဟိုတယ်သည် မာဖီးယားဂိုဏ်းဝင်များအား ခုံလုံခွင့်ပေးသည့်အပြင် မူးယစ်ဆေးဝါးများ ရောင်းဝယ်ခြင်း၊ လောင်းကစားခြင်းတို့ကို ပြုလုပ်သဖြင့် ၎င်းဟိုတယ်အားပိတ်ထားခဲ့သည်။အဆိုပါစစ်ဆင်ရေးကြောင့်လွန်ခဲ့သောဧပြီလတွင်ချုံကျင်းဒေသ၏ရဲတပ်ဖွဲ့ဒုတိယအကြီးအကဲကို သေဒဏ်အပြစ်ပေးခဲ့သည်။ (ဆင်ဟွာ)

၂၀၁၂ ခုနှစ်တွင် စတင်ဈေးကွက်တင်မည့် ဟွန်ဒါလျှပ်စစ်ကား

၂၀၁၂ ခုနှစ်တွင် အမေရိကန်နှင့် ဂျပန်နိုင်ငံတို့၌ လျှပ်စစ်မော်တော်ကားများကို ဟွန်ဒါကုမ္ပဏီက စတင်ရောင်းချမည်ဟု ဆိုသည်။ ကာဗွန်ဒိုင်အောက်ဆိုက်ဓါတ်ငွေ့ထုတ်လွှတ်မှု လျှော့နည်းသွားစေရန် ရည်ရွယ်၍ လျှပ်စစ်မော်တော်ကားများထုတ်လုပ်ရခြင်းဖြစ်သည်ဟု ဟွန်ဒါကုမ္ပဏီဥက္ကဌက ဆိုသည်။ ယခုနှစ်နှောင်းပိုင်းတွင် ဂျပန်နှင့် အမေရိကန် နိုင်ငံတို့၌ ဟွန်ဒါကုမ္ပဏီ၏ ပြိုင်ဘက်ဖြစ်သော နီဆန်ကုမ္ပဏီအနေဖြင့် လျှပ်စစ်မော်တော်ကားအမှာစာများ ရရှိနေပြီဖြစ်သည်။ တိုယိုတာကားကုမ္ပဏီသည် ၂၀၁၂ ခုနှစ်အတွက် လျှပ်စစ်မော်တော်ကားဒီဇိုင်းသစ်ကို ထုတ်လုပ်နိုင်ရန် စီစဉ်နေပြီဖြစ်သည်။ ( ဘီဘီစီ)

## အိန္ဒိယနိုင်ငံက ဒုံးကျည်စမ်းသပ်ပစ်လွှတ်

အိန္ဒိယနိုင်ငံက ကြားဖြတ်တိုက်ခိုက်ရေး ဒုံးကျည်တစ်စင်းကို ဇူလိုင် ၂၆ ရက်နေ့က အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်နိုင်ခဲ့ပြီဖြစ်ကြောင်း အိန္ဒိယစစ်ဘက်မှ သတင်းထုတ်ပြန်သည်။ အိန္ဒိယနိုင်ငံ၏ ကာကွယ်ရေးစနစ် အစိတ်အပိုင်းတစ်ရပ်အဖြစ် စမ်းသပ်ပစ်လွှတ်ခြင်းဖြစ်ပြီး ဩရိသပြည်နယ်အရှေ့ပိုင်း ကမ်းလွန်သို့ပစ်ခတ်စမ်းသပ်ခြင်းဖြစ်သည်။ယင်းဒုံးကျည်များကို အိန္ဒိယနိုင်ငံ ဂီးလားကျွန်းပေါ်၌ ဖြန့်ချထားရန် ရည်ရွယ်ထားကြောင်း၊ အိန္ဒိယနိုင်ငံ ကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးမှုအဖွဲ့မှ ထုတ်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။ (အေအက်ဖ်ပီ)

## ဘန်ကောက်တွင် အရေးပေါ်အမိန့် ဆက်လက်ထားရှိမည်

ရက်သတ္တပတ်ကုန်ဆုံးချိန်တွင် ဘန်ကောက်မြို့၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် မြို့တော်တဝှမ်းတွင် အရေးပေါ်အမိန့်ကို ဆက်လက်ထားရှိမည်ဟုဝန်ကြီးချုပ်အဘီဆစ်က ထုတ်ဖော်ပြောဆိုသည်။ အခြားသောပြည်နယ်များတွင် အရေးပေါ်အမိန့်ကို တဖြေးဖြေးချင်း ရုပ်သိမ်းသွားမည်ဖြစ်သည်။ ဆန္ဒပြရုပ်နီများ အမာခံတပ်စွဲထားခဲ့သော  စီးပွားရေး နယ်မြေအတွင်းရှိ နေရာတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ လူ ၁ ဦးသေဆုံး၍ ၁၀ဦးကျော် ဒဏ်ရာရရှိခဲ့သည်။ ဆန္ဒပြအတိုက်အခံပါတီ ပွေထိုင်းက အဆိုပါဗုံးပေါက်ကွဲမှုသည်အစိုးရထောက်ခံသူများ၏ လက်ချက်ဖြစ်သည်ဟု စွပ်စွဲပြောဆိုသည်။ အရေးပေါ်အမိန့်ကို အမြန်ဆုံးရုပ်သိမ်းရန် အမေရိကန်ပြည်ထောင်စုနှင့် လူ့အခွင့်အရေးအဖွဲ့အစည်းများက တိုက်တွန်းပြောဆိုကြသည်။ (အေအက်ဖ်ပီ)

## ယူနိုက်တက်နှင့် ကွန်တီနင်တယ်လေကြောင်းလိုင်းများ ပူးပေါင်းမည်

အမေရိကန်နိုင်ငံ၏ ယူနိုက်တက်လေကြောင်းလိုင်းနှင့် ကွန်တီနင်တယ်လေကြောင်းလိုင်းတို့ ပေါင်းစည်းမည့်အစီအစဉ်ကို ဥရောပသမဂ္ဂက သဘောတူ အတည်ပြုကြောင်း အင်္ဂါနေ့က ထုတ်ဖော်ပြောဆိုသည်။ ယင်းပေါင်းစည်းမှုကို အမေရိကန်နိုင်ငံ၏ သဘောတူခွင့်ပြုချက်လည်း လိုအပ်မည်ဖြစ်သည်။ ကမ္ဘာပေါ်တွင် အကြီးဆုံးသော လေကြောင်းလိုင်းကြီးတစ်ခု ဖြစ်ပေါ်လာမည်။ လေကြောင်းလိုင်းသစ်သည် နိုင်ငံပေါင်း ၅၉ခုသို့ ခရီးစဉ် ၃၇၀ခန့်ပြေးဆွဲ၍ တစ်နှစ်လျှင် ခရီးသည်ပေါင်း ၁၄၄သန်းကို ပို့ဆောင်ပေးမည်ဖြစ်သည်။ ၎င်းတို့၏ ရုံးချုပ်ကို ချီကာဂိုမြို့တွင် ထားရှိမည်ဖြစ်သည်။ ကုမ္ပဏီ၏ စုစုပေါင်းတန်ဖိုးသည် ၆.၇၅ဘီလီယံဒေါ်လာဖြစ်သည်။ (အေအက်ဖ်ပီ)

## Apple ၏ " Magic Trackpad " ထုတ်ဖော်ပြသ

Apple ကုမ္ပဏီသည် ၎င်း၏ "Magic Trackpad "ကို အင်္ဂါနေ့က ထုတ်ဖော်ပြသခဲ့သည်။ ၎င်းသည် လက်ချောင်းဖြင့် တို့ထိခိုင်းစေနိုင်သော pad ဖြစ်၍ အသုံးပြုသူသည် ၎င်း၏လက်ချောင်းများ လှုပ်ရှားရွေ့ပြောင်းခြင်းဖြင့် ကွန်ပျူတာကို မောင်းနှင်စေခိုင်းနိုင်မည်ဖြစ်သည်။ အဆိုပါ pad အသုံးပြု၍ နောင်ကာလတွင် ကွန်ပျူတာအတွက်Mouse လိုအပ်တော့မည်မဟုတ်ပေ။ အဆိုပါ pad ကို ဘတ်ထရီစွမ်းအင် အသုံးပြု၍ မောင်းနှင်ပြီးလျှင် ဖန်နှင့် အလူမီနီယံတို့ဖြင့် ပြုလုပ်ထားသည်။ ၎င်း pad နှင့် ကွန်ပျူတာကို ကြိုးမဲ့ ဘလူးတုနည်းပညာဖြင့် ဆက်သွယ်ဆောင်ရွက်သည်။ ကွန်ပျူတာကို ၃၃ပေ အကွာမှ ထိန်းချုပ်စေခိုင်းနိုင်မည်ဖြစ်သည်။ Apple ကုမ္ပဏီသည် ပိုမိုအင်အားကောင်းသော ပရိုဆက်ဆာများအသုံးပြုထားသည့် အိုင်းမက် ကွန်ပျူတာများကိုလည်း တစ်ပြိုင်နက်ပြသထားသည်။ (အေအက်ဖ်ပီ)

# သတင်းအတို

## ဦးဝင်းလတ် (AIT) မှ "ငါးနှင့်ပုစွန် ရောနှောမွေးမြူခြင်း" "Poly Culture" ခေါင်းစဉ်ဖြင့် ဟောပြောမည်

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တွင် ဦးဝင်းလတ် (AIT)မှ "ငါးနှင့်ပုစွန် ရောနှောမွေးမြူခြင်း" "Poly Culture" ခေါင်းစဉ်ဖြင့် ဟောပြောပွဲကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။ အဆိုပါ ဟောပြောပွဲကို ဇူလိုင်လ ၂၄ရက် (စနေနေ့)၊ နေ့လည် ၂နာရီတွင် ဘုရင့်နောင်လမ်းမကြီးနှင့် ဆေးဝါးစက်ရုံလမ်းထောင့်၊ အနောက်ကြို့ကုန်းရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး သီရိအဏ္ဏဝါခန်းမတွင် ကျင်းပမည်ဖြစ်ပြီး စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိပါသည်။

(ခေတ်လူငယ်)

## ဆရာဦးခင်မောင်ညို (ဘောဂဗေဒ)မှ "၂၀၁၀ ကမ္ဘာ့စီးပွားရေးနှင့် မြန်မာ့စီးပွားရေး " ခေါင်းစဉ်ဖြင့် ဟောပြောမည်

ဝါကီဇ္ဇဘွဲ့ရများအသင်း(မြန်မာနိုင်ငံ)က ကြီးမှူး၍ ဆရာဦးခင်မောင်ညို (ဘောဂဗေဒ)က "၂၀၁၀ ကမ္ဘာ့စီးပွားရေးနှင့် မြန်မာ့စီးပွားရေး" ခေါင်းစဉ်ဖြင့် IBC ခန်းမ၌ ဇူလိုင် ၃၁ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် ဟောပြောမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း - ၂၉၁၆၆၇သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်လ ၂၄ရက် နေ့ ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြထားပါသည်။

## ကြိုတင်လေယာဉ်လက်မှတ် အချိန်ကန့်သတ်ရောင်းတော့မည်

ကြိုတင်လေယာဉ်လက်မှတ်များ ရောင်းချမှုကို အချိန်ကန့်သတ်၍ ရောင်းချပေးတော့မည်ဖြစ်ကြောင်း သိရသည်။ ယခင်က ကြိုတင်လက်မှတ်များ ရောင်းချရာတွင် အချိန်ကန့်သတ်ထားခြင်း မရှိသော်လည်း ယခုအခါ နံနက် ၈နာရီခွဲမှ မွန်းတည့် ၁၂နာရီအထိ ကန့်သတ်ထားကြောင်း၊ သတ်မှတ်ချိန်အတွင်း ဝယ်ယူခြင်းမရှိသည့်သူများကို မည်သည့်အကြောင်းကြောင့်မျှ ရောင်းချပေးမည်မဟုတ်ကြောင်း မြန်မာ့လေကြောင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ " ကြိုတင်လေယာဉ်လက်မှတ် ဝယ်မယ့်သူတွေအနေနဲ့ အရင်ကဆို အချိန်မသိလို့ ရုံးပိတ်တော့မယ့်အချိန်မှ လာဝယ်တာတွေရှိတယ်။ အဲဒီလိုဖြစ်တော့ လက်မှတ်ရောင်းမယ့်သူတွေအနေနဲ့ ဘယ်လိုမှ အဆင်မပြေနိုင်ဘူး။ အခက်အခဲဖြစ်တာပေါ့။ အခုတော့ ကြိုတင်လက်မှတ် ဝယ်ရမယ့်အချိန်ကို မြန်မာ့လေကြောင်း ပြည်တွင်းလေယာဉ်လက်မှတ်အရောင်းဌာနမှာ ကြေညာပေးထားတယ် " ဟု မြန်မာ့လေကြောင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြောင်း ၂၀၁၀ ခုနှစ် ဇူလိုင်လ ၂၇ရက်နေ့ထုတ် Flower News ဂျာနယ်တွင် ဖော်ပြထားပါသည်။

## မင်္ဂလာဈေး မီးဘေးလွတ်အထပ်များ မကြာမီပြန်လည် ဖွင့်လှစ်မည်

အဆင့်မြင့် မင်္ဂလာဈေးကြီးရှိ မီးမသင့်ခဲ့သော အထပ်များကို မကြာမီပြန်လည် ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း သိရသည်။ အဆင့်မြင့် မင်္ဂလာဈေးကြီးတွင် မီးလောင်သော အထပ်များ ဖြိုဖျက်မှုမကြာမီ ပြီးစီးတော့မည်ဖြစ်သောကြောင့် ပြန်လည်ဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း မင်္ဂလာဈေးအသိုင်းအဝိုင်းမှ ပြောကြားသည်။ စတုတ္ထထပ်နှင့် ပဥ္စမထပ်ပြန်လည် ဆောက်လုပ်ပြီးစီးမှုပေါ် မူတည်၍ ပထမဦးဆုံးအနေဖြင့် မြေညီထပ်ရှိ အထည်တန်းကို စတင်ကာဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆင့်မြင့်မင်္ဂလာဈေးကြီးတွင် အထပ်ငါးထပ်ရှိပြီး တစ်ထပ်လျှင် ပျမ်းမျှဆိုင်ခန်းပေါင်း ၈၀၀ခန့်ပါရှိကြောင်း ၂၀၁၀ ခုနှစ် ဇူလိုင်လ ၂၉ရက်နေ့ထုတ် ရန်ကုန်တိုင်း(မ်) ဂျာနယ်တွင် ဖော်ပြထားပါသည်။

## စက်မှုဇုန်များကို တစ်ရက်လျှင် ၁၀နာရီအထိ လျှပ်စစ်မီးတိုးမြှင့်ပေး

ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များကို လျှပ်စစ်မီးပေးဝေရာတွင် ၁၉.၇.၂၀၁၀ ရက်မှ စတင်၍ တစ်ရက်လျှင် ၁၀နာရီအထိ တိုးမြှင့်ပေးလျက်ရှိကြောင်း ရန်ကုန်မြို့တော်လျှပ်စစ်ဓါတ်အားမှ သိရသည်။ စက်မှုဇုန်များသို့ လျှပ်စစ်ဓါတ်အား ဖြန့်ဝေမှုကို ၁၆.၆.၂၀၁၀ ရက်မှစတင်၍ တစ်ရက်လျှင် ၅နာရီနှုန်းဖြင့် အုပ်စုနှစ်စုခွဲကာ အလှည့်ကျပေးဝေခဲ့ပြီး တစ်လကျော်ခန့်အကြာ ၁၉.၇.၂၀၁၀ ရက်တွင် နံနက် ၆နာရီမှ ညနေ ၄နာရီအထိ တစ်ရက်လျှင် ၁၀နာရီနှုန်းဖြင့် ဓါတ်အားဖြန့်ဖြူးလျက်ရှိကြောင်း သိရသည်။ " လျှပ်စစ်မီးပုံမှန် ပြန်ရလာတော့ စက်ရုံ၊ အလုပ်ရုံတွေအတွက် ပုံမှန်လည်ပတ်နိုင်လာပါတယ်။ မီးမလာတဲ့ရက်တွေမှာ မီးစက်အသုံးပြုရတာဟာ ဒီဇယ်ဆီဖိုးစရိတ်စက ကြီးလွန်းတယ် " ဟု လှိုင်သာယာစက်မှုဇုန်ရှိ လုပ်ငန်းရှင်တစ်ဦးက ပြောသည်။ ရန်ကုန်တိုင်းအတွင်းရှိ လျှပ်စစ်သုံးစွဲမှု စုစုပေါင်းအတွက် လိုအပ်သောပမာဏမှာ မဂ္ဂါဝပ် ၆၆၀ ကျော်ဖြစ်ပြီး၊ ယင်း၏ ၁၈ရာခိုင်နှုန်းခန့်ဖြစ်သော မဂ္ဂါဝပ် ၁၂၀ကျော်မှာ စက်မှုဇုန်များအတွက် လိုအပ်ခြင်းဖြစ်ကြောင်း ၂၀၁၀ ခုနှစ် ဇူလိုင်လ ၂၉ရက်နေ့ထုတ် ပြည်မြန်မာ ဂျာနယ်တွင် ဖော်ပြထားပါသည်။

## နော်ချမ်းခ ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် သဘောတူညီမှုစာချွန်လွှာ လက်မှတ်ရေးထိုး

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ Yunnan Provincial Investment Holding Group Co.,Ltd. မှ Chairman Mr.BAO Minghu နှင့်အဖွဲ့သည် ဇူလိုင် ၂၃ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဧည့်ခန်းမ၌ (၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြည်စိုး၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ Yunnan Provincial Investment Holding Group Co.,Ltd. မှ President Mr.LIU Yinong နှင့် International Group of Entrepreneurs Company Limited မှ တာဝန်ရှိသူတို့က နော်ချမ်းခ ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် သဘောတူညီမှုစာချွန်လွှာ (Memorandum of Agreement) ကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ခဲ့ကြကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်လ ၂၅ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြထားပါသည်။

## ပုဂံခေတ်မတိုင်ခင်က မြန်မာ့ရိုးရာ ထန်းဖူးဇာတာအကြောင်း MRTV-3 တွင် ထုတ်လွှင့်မည်

ပုဂံခေတ်မတိုင်ခင်ကတည်းက ရှိခဲ့သော မြန်မာ့ရိုးရာထန်းဖူးဇာတာအကြောင်းကို Myanmar International (MRTV-3) တွင် ထုတ်လွှင့်ပြသရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ ထန်းဖူးဇာတာတွင် ရိုးရိုးတြိစက္ကထန်းဖူးဇာတာနှင့် အထူးဉျစ်ထန်းဖူးဇာတာဟူ၍ နှစ်မျိုးရှိပြီး ရိုးရိုးတြိစက္ကထန်းဖူးဇာတာတွင် ထန်းဖူးတစ်ထပ်တည်းဖြင့် မျက်နှာပြင်နှစ်ဖက်ပါဝင်ကြောင်း၊ အထူးဉျစ်ထန်းဖူးဇာတာတွင် ထန်းဖူးနှစ်ထပ်ဖြင့် မျက်နှာပြင်လေးခု ပါဝင်ကြောင်း သိရသည်။ ရိုးရိုးတြိစက္ကထန်းဖူးဇာတာနှင့် အထူးဉျစ်ထန်းဖူးဇာတာများအကြောင်း အသေးစိတ်ကို အဆိုပါအစီအစဉ်တွင် အင်္ဂလိပ်ဘာသာဖြင့် ထုတ်လွှင့်မည်ဖြစ်ကြောင်း ၂၀၁၀ ခုနှစ် ဇူလိုင်လ ၂၉ရက်နေ့ထုတ် ပြည်မြန်မာ ဂျာနယ်တွင် ဖော်ပြထားပါသည်။

## နေပြည်တော်နှင့် ရန်ကုန် သုံးနာရီကြာမည့် အမြန်ရထားလမ်းစီမံကိန်း ဆောင်ရွက်မည်

နေပြည်တော်နှင့် ရန်ကုန်ခရီးကို သုံးနာရီသာ ပြေးဆွဲရမည့် အမြန်ရထားလမ်းစီမံကိန်းကို စတင်တော့မည်ဖြစ်ကြောင်း ၁၄.၇.၂၀၁၀ ရက်ကသိရသည်။ ယင်းရထားလမ်းကို တရုတ်နိုင်ငံနှင့် ပူးပေါင်းတည်ဆောက်မည်ဖြစ်၍ လမ်းမိုင်အရှည်မှာ ၂၂၆မိုင်ခန့်ရှိမည်ဖြစ်ကြောင်း သိရသည်။ ယင်းရထားလမ်းသည် ရန်ကုန်မှ ပျဉ်းမနား ရေဆင်းအကျော်ထိဖြစ်ပြီး ၂၀၁၃ ခုနှစ်တွင် ပြီးစီးရန် ရည်ရွယ်ထားပြီး ရန်ကုန်-နေပြည်တော်ကို သုံးနာရီခရီးကြာမြင့်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် လာမည့် ၂၀၁၃ ခုနှစ်တွင် ဆီးဂိမ်းပြိုင်ပွဲကို အိမ်ရှင်နိုင်ငံအဖြစ် နေပြည်တော်၌ လက်ခံကျင်းပမည်ဖြစ်ရာ အမြန်ရထားလမ်း ပေါ်ပေါက်လာပါက သွားလာရေး အလွန်အဆင်ပြေမည်ဖြစ်ကြောင်း ခရီးသွားလုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောဆိုသည်။ ယင်းမြန်နှုန်းမြင့် ရထားလမ်းကို လျှပ်စစ်ဖြင့် ဆောင်ရွက်နိုင်ကြောင်း၊ သို့သော် အတိအကျမသိရသေးကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ အရာထမ်းတစ်ဦးက ပြောကြားခဲ့သည်ဟု ၂၀၁၀ ခုနှစ် ဇူလိုင်လ ၂၉ရက်နေ့ထုတ် ပြည်မြန်မာ ဂျာနယ်တွင် ဖော်ပြထားပါသည်။

## မိုဘိုင်းဖုန်းများတွင် WiFi စနစ်များ ကွဲပြားမှုကြောင့် အသုံးပြုနိုင်မှု ကွာခြားနိုင်

ယခုနောက်ပိုင်းတွင် ထွက်ရှိလာခဲ့သော မော်ဒယ်မြင့်ဖုန်းများတွင် အင်တာနက်အသုံးပြုမှုအတွက် WiFi စနစ်များ ပါဝင်ကြသော်လည်း ထည့်သွင်းအသုံးပြုထားသော WiFi စနစ်များ ပေါ်တွင် မူတည်ကာ အသုံးပြုနိုင်မှုများ ကွဲပြားမှုရှိနိုင်ကြောင်း သိရသည်။ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုထားသော WiFi စနစ်များမှာ တစ်ခုနှင့်တစ်ခု အဆင့်များ ကွဲပြားလျက်ရှိသောကြောင့် အသုံးပြုနိုင်မှုအပိုင်းတွင်လည်း ကွာခြားမှုများရှိကြောင်းသိရသည်။ အချို့မိုဘိုင်းဖုန်းများတွင် ပါဝင်သော WiFi စနစ်မှာ ဝါယာလက်အင်တာနက်စနစ်အသုံးပြုနိုင်သော်လည်း အသုံးပြုမှုနှုန်းနှင့် မြန်ဆန်မှုများ၊ လုံခြုံရေးစနစ်များ များစွာကွာခြားမှုရှိကြောင်း သိရသည်။ WiFi စနစ်တွင် အဆင့်သတ်မှတ်ချက်အနေဖြင့် လေးဆင့်ရှိကြောင်း သိရသည်။ WiFi စနစ်များနှင့် ပတ်သက်၍ ကျွမ်းကျင်သူ ကိုစည်သူမှပြောပြရာတွင် WiFi တွေမှာ အဆင့်သတ်မှတ်ချက်လေးခုရှိပါတယ်။ WiFi တွေမှာ အဆင့်သတ်မှတ်ချက်အနေနဲ့ a, b, g, n ဆိုပြီး လေးဆင့်သတ်မှတ်ထားပါတယ်။ WiFi စနစ်များ ကွဲပြားမှုကြောင့် အသုံးပြုရာတွင်လည်း ကွာဟမှုများရှိနိုင်ကြောင်း ၂၀၁၀ ခုနှစ် ဇူလိုင်လ ၂၉ရက်နေ့ထုတ် Internet ဂျာနယ်တွင် ဖော်ပြထားပါသည်။

## စာရေးဆရာ ကိုကိုလှိုင် (နိုင်ငံတကာရေးရာသုတေသီ)မှ "တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ကမ္ဘာ့အင်အားကြီးနိုင်ငံတစ်နိုင်ငံဖြစ်ပေါ်လာနိုင်မည့် အလားအလာများ" ခေါင်းစဉ်ဖြင့် ဟောပြောမည်

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းကျင်းပသည့် ဟောပြောပွဲများကို ၂၀၀၆ခုနှစ်၊ ဇန်နဝါရီလ၊ (၇)ရက်နေ့မှစ၍ (၂)ပတ်လျှင် တစ်ကြိမ်ကျင်းပလျှက်ရှိပါသည်။ ၂၀၁၀ခုနှစ်တွင်လည်း (၂)ပတ်လျှင်တစ်ကြိမ် ဆက်လက်ကျင်းပမည်ဖြစ်ပါသည်။ ယခုကျင်းပမည့် ဟောပြောပွဲအမှတ်စဉ် (၁၅/၂၀၁၀)ကို ပါရမီဖောင်ဒေးရှင်း၏ ပံ့ပိုးကူညီမှုဖြင့် စာရေးဆရာ ကိုကိုလှိုင် (နိုင်ငံတကာရေးရာသုတေသီ) မှ "Global Power Potential Of The People's Republic Of China" "တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ကမ္ဘာ့အင်အားကြီးနိုင်ငံတစ်နိုင်ငံဖြစ်ပေါ်လာနိုင်မည့် အလားအလာများ" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်ဖြစ်ပါသည်။ အဆိုပါ ဟောပြောပွဲကို ၂၀၁၀ခုနှစ် ဇူလိုင်လ (၃၁)ရက် (စနေနေ့)၊ နေ့လည် (၂ ႏ ၀၀)နာရီတွင် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊ ဘုရင့်နောင်လမ်းမကြီးနှင့် စက်မှုဆေးဝါးလမ်းထောင့်၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်၌ ကျင်းပမည်ဖြစ်၍ အသင်းဝင်များနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိပါသည်။ (ခေတ်လူငယ်)

## မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း ခရီးသည်နှင့် ကုန်စည်ဈေးနှုန်းထားပြောင်း

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း ၂၀၁၀ ခုနှစ်အတွင်း ပုဂ္ဂလိကလွှဲပြောင်းပြီးသည့်နောက်ပိုင်း ပြည်တွင်းခရီးစဉ် ခရီးသည်လက်မှတ်ခဈေးနှုန်းနှင့် ကုန်စည်ပို့ဆောင်သည့် နှုန်းထားများ ပြောင်းလဲသတ်မှတ်ထားသည်ဟု သိရသည်။ ယခင်နှုန်းထားများမှာ ခရီးသည်တစ်ဦးလျှင် ရန်ကုန်- မြိတ် ကျပ် ၅၀၀၀ ခန့်၊ ရန်ကုန် - ကော့သောင်း ကျပ် ၈၀၀၀ ခန့်၊ ရန်ကုန် - စစ်တွေ ကျပ် ၈၀၀၀ ဖြစ်ပြီး ကုန်စည်ဈေးနှုန်းများမှာ တစ်တန်လျှင် ရန်ကုန် - မြိတ် ကျပ် ၄၉၀၀ ခန့်၊ ရန်ကုန် - ကော့သောင်း ကျပ် ၅၀၀၀ ခန့်၊ ရန်ကုန် - စစ်တွေ ကျပ် ၆၀၀၀ ဖြစ်သည်။ ပြောင်းလဲသတ်မှတ်လိုက်သော နှုန်းထားများမှာ ခရီးသည်တစ်ဦးလျှင် ရန်ကုန် - မြိတ် ကျပ် ၁၈၀၀၀၊ ရန်ကုန် - ကော့သောင်း ကျပ် ၂၆၀၀၀၊ ရန်ကုန် - စစ်တွေ ကျပ် ၂၆၀၀၀ ဖြစ်ပြီး၊ ကုန်စည်ပို့ခဈေးနှုန်းများမှာ ကုန်တစ်တန်လျှင် ရန်ကုန် - မြိတ် ကျပ် ၁၅၀၀၀၊ ရန်ကုန် - ကော့သောင်း ကျပ် ၁၈၀၀၀ ၊ ရန်ကုန် - စစ်တွေ ကျပ် ၁၈၈၀၀ ဖြစ်ကြောင်း ၂၀၁၀ ခုနှစ် ဩဂုတ်လ ၁ရက်နေ့ထုတ် 24/7 News ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ဆရာဦးနေအောင် (Director Saba Inc)မှ "နည်းပညာ၏ အလားအလာများ" "Trends in Technology" ခေါင်းစဉ်ဖြင့် ဟောပြောမည်

ဆရာဦးနေအောင် (Director Saba Inc)မှ "နည်းပညာ၏ အလားအလာများ" "Trends in Technology" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်ဖြစ်သည်။ အဆိုပါဟောပြောပွဲကို ၂၀၁၀ခုနှစ် ဇူလိုင်လ ၃၀ရက် (သောကြာနေ့)၊ နေ့လည် ၂ႏ၀၀နာရီတွင် UMFCCI ပထမထပ်၊ မင်းရဲကျော်စွာလမ်း (စိန်ဂွန်းမှတ်တိုင်အနီး)၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို အခမဲ့တက်ရောက်နိုင်ကြောင်း သတင်းရရှိပါသည်။ (ခေတ်လူငယ်)

## သဘာဝဓာတ်ငွေ့တင်ပို့မှုမှာ နှစ်စဉ်မြင့်တက်လျက်ရှိ ကုန်သွယ်မှုပိုငွေ နှစ်စဉ်ပုံမှန်ရရှိလာ

စွမ်းအင်လိုအပ်ချက် မြင့်မားလာမှုကြောင့် မြန်မာနိုင်ငံ၏ သဘာဝဓာတ်ငွေ့တင်ပို့မှုမှာ နှစ်စဉ်မြင့်တက်လာပြီး စီးပွားရေးပိတ်ဆို့မှု အကျပ်အတည်းများနှင့် ရင်ဆိုင်နေရသည့်ကာလ၌ပင် မြန်မာနိုင်ငံခြားကုန်သွယ်မှုတွင် နှစ်စဉ် ကုန်သွယ်မှုပိုငွေ ရရှိလျက်ရှိသည်ကို တွေ့ရှိရသည်။ ပြီးခဲ့သည့် ဘဏ္ဍာနှစ်များအတွင်း သဘာဝဓာတ်ငွေ့တင်ပို့မှုမှာ ပမာဏအားဖြင့်ရော၊ တန်ဖိုးအားဖြင့်ပါ ပုံမှန်တဖြည်းဖြည်း တိုးတက်လျက်ရှိရာ ၂၀၀၈-၀၉ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၅ဘီလျံရှိရာမှ ၂၀၀၉-၁၀ ဘဏ္ဍာနှစ်တွင် ၂ ဒသမ ၅၆ဘီလျံအထိ ရှစ်ရာခိုင်နှုန်းတိုးတက်လာခဲ့ကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်လ ၃၀ရက်နေ့ထုတ် မြန်မာတိုင်း(မ်)ဂျာနယ်တွင် ဖော်ပြထားပါသည်။

# ပညာရှိအဆိုအမိန့်

အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)

<u>အနှိုင်းပိုက်ကွန်</u>

အာဠဝီပြည်မှာ ကျင်းပတဲ့ တရားပွဲတစ်ပွဲမှာ မြတ်စွာဘုရားရှင်က ဖခင်ဆီ ရက်ဖောက်တောင်း သွားပို့ဖို့ အိမ်ကထွက်လာရင်း တရားဝင်နာတဲ့ ရက်ကန်းသည်မလေးတစ်ယောက်ကို မေးခွန်းလေးခု မေးပါတယ်။ တစ်ခွန်းမေး၊ တစ်ခွန်းဖြေ ဖွဲ့စည်းထားတဲ့ အမေးအဖြေ အတွဲလေးတွဲကိုလည်း ကြည့်ပါဦး၊ စိတ်ဝင်စားစရာကောင်းလိုက်တာ။

" ချစ်သမီး ၊ ဘယ်ကလာသလဲ "

" မသိပါဘုရား "

" ချစ်သမီး ၊ ဘယ်သွားမလို့လဲ "

" မသိပါဘုရား "

ချစ်သမီး ၊ တကယ်မသိဘူးလား "

" သိပါတယ်ဘုရား "

" ချစ်သမီး ၊ တကယ်သိလား "

" မသိပါဘုရား "

မြတ်စွာဘုရားရှင်နဲ့ ဆန့်ကျင်ဘက်ပြောသလို ဖြစ်နေတဲ့ ရက်ကန်းသည်မလေးရဲ့ အဖြေစကားတွေကြောင့် သူမကို တရားနာပရိသတ်က အမျိုးမျိုး ကဲ့ရဲ့ရှုတ်ချကြပါတယ်။

" ဘယ်ကလာသလဲ မေးတာပဲ ၊ အိမ်က လာတယ်လို့ ဖြေလိုက်ပါလား၊ ဘယ်သွားမလို့လဲ မေးတာပဲ၊ ရက်ကန်းရုံ သွားမလို့ လို့ဖြေလိုက်ပါလား၊ မသိ - မသိဘူးပေါ့၊ သိ - သိတယ်ပေါ့ ၊ ခုတော့ မဟုတ်ပါဘူး၊ မြတ်စွာဘုရားရှင်ကိုများ ပမာမခန့်နဲ့ ၊ မလေးမစား ......၊ ဟွန်း ..... "

အကျဉ်းချုပ်အဖြေစကားတွေကို အကျယ်ပြန့်ရှင်းပြဖို့ မြတ်စွာဘုရားရှင်က မိန့်ကြားတော်မူတဲ့အတွက် ရက်ကန်းသည်မလေးက အခုလို ရှင်းပြခဲ့ပါတယ်။

" ဘယ်ကလာသလဲ မေးတာကို မသိပါလို့ ဖြေရတာက ဘယ်ဘဝကလာမှန်း မသိလို့၊ ဒီဘဝမရောက်ခင် အရင်ဘဝက ဘာသတ္တဝါဖြစ်ခဲ့တယ်ဆိုတာ မသိလို့ပါဘုရား "

" ဘယ်သွားမလို့လဲ မေးတာကို မသိပါလို့ ဖြေရတာက ဒီဘဝက သေရင် ဘယ်ဘဝ ရောက်မလဲဆိုတာ မသိလို့ပါဘုရား "

" တကယ်မသိဘူးလားမေးတာကို မသိပါလို့ ဖြေရတာက ဘယ်အသက်၊ ဘယ်အချိန်မှာ ဘယ်အနာရောဂါနဲ့ သေရမယ်၊ သေပြီး ရုပ်အလောင်းကို ဘယ်နေရာ၊ ဘယ်သုသာန်မှာ မြှုပ်နှံခံရမယ်ဆိုတာ သေချာပေါက် မသိလို့ပါဘုရား "

မြတ်စွာဘုရားရှင်က အသေးစိတ်မမေးဘဲ အဖျားဆွတ်မေးတာကို ရက်ကန်းသည်မလေးက အသေးစိတ်တွေးပြီး အဖျားဆွတ်ဖြေနိုင်ခဲ့တာဟာ သူမရဲ့ အပ္ပမာဒတရားကြောင့်ပါပဲ။ သူမ ကျင့်သုံးနေတဲ့ အပ္ပမာဒတရားရဲ့ စွမ်းရည်သတ္တိကြောင့် မြတ်စွာဘုရားရှင်ရဲ့ မြှုပ်ကွက်ကို မြှုပ်ကွက်ပါလို့ မပြောရဘဲနဲ့ သူမချက်ချင်း ဖော်ထုတ်နိုင်ခဲ့ပါတယ်။

လွန်ခဲ့တဲ့ သုံးနှစ်လောက်က အာဠဝီပြည်ကို မြတ်စွာဘုရားရှင် ကြွလာပြီး သေခြင်းတရားကို အမြဲမပြတ် သတိရအောက်မေ့တဲ့ မရဏာဿတိဘာဝနာကို မမေ့မလျော့ ပွားများကြဖို့ ဟောကြားတော်မူခဲ့ဖူးပါတယ်။

တခြား အာဠဝီပြည်သူပြည်သားတွေက တရားနာပြီးတာနဲ့ တရားကို တရားပွဲထဲမှာပဲ ချန်ထားရစ်ခဲ့ပြီး ကာမဂုဏ်အာရုံတွေ၊ အိမ်မှုကိစ္စ၊ လူမှုကိစ္စတွေနဲ့ မေ့မေ့လျော့လျော့ နေလိုက်ကြပါတယ်။ မရဏာဿတိဘာဝနာကို လုံးဝမပွားများကြပါဘူး။ တစ်ဆယ့်ခြောက်နှစ်သမီး ရက်ကန်းသည်မလေးတစ်ယောက်ပဲ သုံးနှစ်လုံးလုံး အဆက်မပြတ် မရဏာဿတိဘာဝနာကို မမေ့မလျော့ ပွားများနေပါတယ်။

သူများတွေ ပမာဒတရားနဲ့ မေ့နေကြချိန်မှာ မိမိက အပ္ပမာဒတရားနဲ့ မမေ့တဲ့အတွက် မြတ်စွာဘုရားရှင်ရဲ့ မြှုပ်ကွက်ကို ချက်ချင်းသိမြင်ပြီး ဒက်ထိ ဖြေဆိုနိုင်ခဲ့ပါတယ်။ " မေ့နေတဲ့သူတွေ မသိနိုင်ဘူး၊ မမေ့တဲ့သူမှ သိနိုင်တယ် " ဆိုတဲ့အချက်ကို ရက်ကန်းသည်မလေးရဲ့ အဖြစ်အပျက်က အတိအလင်း မီးမောင်းထိုးပြနေပါတယ်။ မသိဘူးဆိုတာ မောဟပါ၊ အဝိဇ္ဇာပါ။ သိတယ်ဆိုတာ အမောဟပါ ၊ ဝိဇ္ဇာပါ ၊ ပညာပါ ။ မသိမှုဆိုတဲ့ မောဟပိုက်ကွန်ကို ခုတ်ဖြတ်ဖျက်ဆီးပစ်နိုင်ဖို့အတွက် မမေ့မှုဆိုတဲ့ အပ္ပမာဒလက်နက်ကို အခိုင်အမြဲ ကိုင်စွဲထားရပါမယ်။ မသိမှုမောဟက ဘယ်မှာဖြစ်သလဲဆိုရင် မြင်ရ၊ ကြားရ၊ နံရ၊ စားရ၊ ထိရ၊ သိရတဲ့ အာရုံတွေမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း၊ စားတိုင်း၊ ထိတိုင်း၊ သိတိုင်း " မြင်တယ်၊ ကြားတယ်၊ နံတယ်၊ စားတယ်၊ ထိတယ်၊ သိတယ် " လို့ သတိပဋ္ဌာန်နည်းကျ ဝိပဿနာရှုပွား သွားရပါမယ်။

သတိ၊ သမာဓိ၊ ဉာဏ် အားကောင်းလာတာနဲ့ အမျှ ရုပ်နာမ်ကွဲ၊ ကြောင်းကျိုးသိ၊ ဖြစ်ပျက်မြင်၊ လက္ခဏာထင်ပြီး မသိမှု မောဟတရားတွေ တဖြည်းဖြည်း ပါးပါးသွားပါလိမ့်မယ်။ နောက်ဆုံး အရဟတ္တမဂ်ဓါးလက်နက်နဲ့ ခုတ်ဖြတ်ဖျက်ဆီးပစ်လိုက်လို့ မိမိကို ဖုံးအုပ်ချုပ်နှောင်ထားတဲ့ မောဟပိုက်ကွန်ကြီး အပိုင်းပိုင်း စုတ်ပြတ်ပျက်စီးသွားပြီဆိုရင်တော့ မိမိလည်း သံသရာဝဋ်ဆင်းရဲကြီးကနေ အပြီးတိုင် ရုန်းထွက်လွတ်မြောက်ခွင့် ရသွားပါပြီ။

မောဟပိုက်ကွန် အကြွင်းမဲ့ ပြဲပေါက်ပြီး နိဗ္ဗာန်စခန်း အပြီးတိုင် ဆိုက်ရောက်သွားကြတဲ့ သတ္တဝါတွေဟာ တကယ်တော့ နည်းနည်းလေးပဲ ရှိပါတယ်။ ဒီအကြောင်းကို ရက်ကန်းသည်မလေး သောတာပန်ဖြစ်သွားအောင် ဆက်ဟောတဲ့ တရားဂါထာမှာ မြတ်စွာဘုရားရှင်က အခုလို ဟောကြားတော်မူခဲ့ပါတယ်။

" သတ္တဝါတွေရဲ့ ပညာမျက်စိဟာ ကြောင်တောင်ကန်းနေတဲ့အတွက် သတ္တလောကကြီးတစ်ခုလုံး အမှောင်အတိ ဖုံးလွှမ်းနေပါတယ်။ ဒီသတ္တဝါတွေထဲက တချို့တလေလောက်သာ ပညာမျက်စိနဲ့ ထိုးထိုးထွင်းထွင်း သိမြင်နိုင်ကြပါတယ်။ ပိုက်ကွန်မိပြီးမှ ပြန်လွတ်ထွက်နိုင်တဲ့ ငှက်အရေအတွက်ဟာ အင်မတန်နည်းပါးလှသလို အပ္ပမာဒတရား လက်ကိုင်ထားသူ၊ သတိပဋ္ဌာန်တရား လက်တွေ့ပွားသူ တချို့တလေ အနည်းစုလောက်သာ မောဟပိုက်ကွန်ထဲကနေ ရုန်းထွက်လွတ်မြောက်ပြီး နိဗ္ဗာန်ကို အပြီးတိုင် ဆိုက်ရောက်သွားနိုင်ကြပါတယ် "

တစ်လောကလုံးရဲ့ အနှိုင်းမဲ့ကျေးဇူးရှင်ဖြစ်တဲ့ မြတ်စွာဘုရားရှင်က မောဟပိုက်ကွန်ဟာ အနှိုင်းမဲ့ပိုက်ကွန်ဖြစ်တယ်လို့ " နတ္ထိ မောဟ သမံ ဇာလံ " ဆိုတဲ့ စကားတော်နဲ့ ဟောကြားညွှန်ပြထားတာမို့ လူသားတိုင်း လူသားတိုင်း မောဟပိုက်ကွန်ဆိုတဲ့ အနှိုင်းမဲ့ပိုက်ကွန်ကို အကြွင်းမဲ့ ပြတ်တောက်အောင် ဖြတ်ဖောက်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ။

အပ္ပမာဒေန သမ္ပာဒေထ

# ဟာသ

## ချစ်မိုးကြီး

"မင်းသာမရှိခဲ့ရင် အရာအားလုံးဟာ မှောင်မည်းမှုန်မှိုင်းနေမယ်၊ တိမ်မည်းညိုတွေဖုံးလို့ လေပြင်းတွေတိုက်ခတ်ကာ မိုးတွေလဲရွာမယ်၊ နောက်ပြီး နေခြည်နွေးနွေးထွက်လာတဲ့အခါ မင်းကတော့ ရောင်စုံဖြာသက်တံနဲ့တူမှာပါ"

"အဲဒါချစ်ခွင့်ပန်တာလား၊ မိုးလေဝသ သတင်းကြေညာချက်လား"

## စာဖတ်ပါ

လူနာ။ ။ ဆရာ ကျွန်တော် အိပ်မပျော်တာတစ်ပတ်ရှိပြီ။ ညစဉ် ညတိုင်းစာရေးထားတဲ့ တံခါးရွက်ကြီးအကြောင်းပဲ အိပ်မက်မက်နေမိတယ်။ တံခါးကို ကျွန်တော်တွန်းဖွင့်တယ်၊ တွန်းဖွင့်တယ်၊ ဒါပေမဲ့ ဖွင့်မရဘူး။

ဆရာဝန်။ ။ တံခါးပေါ်မှာ ရေးထားတဲ့ဟာကဘာလဲ။

လူနာ။ ။ ဆွဲပါ။

## ကံကောင်းချင်သလား

အာမခံစာရေး။ ။ မတော်တဆထိခိုက်မှုအာမခံကို ဆရာဝယ်ထားသင့်တယ်နော်။

ဧည့်သည်။ ။ ဘာကြောင့်ဝယ်ရမှာလဲ။

အာမခံစာရေး။ ။ အရင်အပတ်က လူတစ်ယောက်ကို မတော်တဆထိခိုက်မှုအာမခံ ကျွန်တော်ရောင်းပေးလိုက်တယ်။ နောက်နေ့မှာပဲ အဲဒီလူ လည်ပင်းကျိုးသေလို့ အာမခံကြေးငွေ ဒေါ်လာ ၅၀,၀၀၀ရသွားတယ်။ ဆရာကော သူ့လိုကံမကောင်းဘူးလို့ ပြောနိုင်သလား။

## သတ္တိခဲ

နစ်။ ။ အင်မတန်ရက်စက်ကြမ်းကြုတ်တဲ့ ခြင်္သေ့ကြီးတစ်ကောင်နဲ့ ငါမျက်နှာချင်းဆိုင်ခဲ့ရတဲ့အကြောင်း မင်းကိုငါမပြောသေးဘူးနော်။

ဖရက်။ ။ မပြောသေးဘူး၊ ဘယ်လိုဖြစ်တာလဲ။

နစ်။ ။ အဲသည်တုန်းက ငါက တစ်ကိုယ်တည်းသေနတ်လည်းမပါဘူး။ ခြင်္သေ့ကြီးက ငါ့ဆီကို တစ်လှမ်းပြီးတစ်လှမ်း တစ်လှမ်းခြင်းလျှောက်လှမ်းလာတာ။

ဖရက်။ ။ အဲ အဲသည်တော့ မင်းဘာလုပ်လိုက်လဲဟင်။

နစ်။ ။ ဘာလုပ်လဲဟုတ်လား။ နောက်တော့ တိရိစ္ဆာန်ရုံခြင်္သေ့လှောင်အိမ်ကနေ နောက်ဘက်ကို ငါရွှေ့သွားတော့တာပေါ့။

## ဆုများရှင်

နက်။ ။ သည်ဆုတံဆိပ်သေးသေးလေး ဘာကြောင့်ရတာလဲ။

ဖရက်။ ။ သီချင်းဆိုလို့။

နက်။ ။ အဲသည်ဆုတံဆိပ်အကြီးကြီးကို ဘာကြောင့်ရတာလဲ။

ဖရက်။ ။ မဆိုလို့။

# ဇေဒင်

## ဧပြီ ၂၁ ရက် မှ မေ ၂၁ ရက် ကဆုန်လ (TAURUS) (ပြိဿရာသီဖွား)

July 30th မှ Aug 5th ကြား

အခက်အခဲများကို ကျော်လွှားနိုင်မည်။ စိတ်ရှည်ဇွဲကြီးမှုနှင့် အခိုင်အမာဆောင်ရွက်တတ်သောကြောင့် အောင်မြင်မှုရမည်။ ကိုယ်စွမ်းကိုစကို အသုံးချ၍ တိုးတက်မှုရမည်။ ဘဝအခြေအနေ မြင့်မြင့်မားမားရောက်အောင် ဖန်တီးနိုင်မည်။ အကြောင်းအရာနှင့် အခြေအနေအရပ်ရပ်သည် ကိုယ်တစ်ဦးတည်းဆောင်ရွက်ရမည့် အခြေအနေပေါ်ပေါက်နေသည်။ ပူးပေါင်းဆောင်ရွက်မည့်သူ၊ ပူးပေါင်းမည့်သူမရှိ။ သီးသန့်အထီးကျန်ဆန်သော ရက်ပိုင်းဖြစ်သည်။ မနာလိုသူများ အပြိုင်အဆိုင်ပြုသူများကြားမှ အလုပ်ကိစ္စများ ဆောင်ရွက်ရခြင်းရှိမည်။ နေအိမ်တွင်ဖြစ်စေ၊ ဆက်ဆံသောဝန်းကျင်တွင်ဖြစ်စေ တနင်္ဂနွေနေ့၊ ဗုဒ္ဓဟူးနေ့မွေးသူများရှိက ၎င်းတို့အတွက် စိတ်ပူပင်ရခြင်းရှိမည်။

## ဖေဖော်ဝါရီ ၁၉ ရက် မှ မတ် ၂၀ ရက် တပေါင်းလ (PISCES (မိန်ရာသီဖွား)

July 30th မှ Aug 5th ကြား

စိတ်ရှုပ်စရာများ ကြုံမည်။ ပြဿနာဟောင်းများ ပြန်လည်ဖြေရှင်းရမည်။ စကားရှုပ်သောသူများနှင့် တွေ့မည်။ အငြင်းအခုန်ပြုခြင်း ရှောင်ပါ။ လူညစ်များနှင့် ကြုံမည်။ စိတ်ဒေါသဖြစ်စရာများ ကြုံမည်။ ပရိယာယ်များသောသူများနှင့် ဆက်ဆံရမည်။ စာရွက်စာတမ်းကိစ္စ၊ ငွေကြေးကိစ္စများကို သတိနှင့်ဆောင်ရွက်ပါ။ သူများပြဿနာ ကိုယ့်ပြဿနာဖြစ်တတ်သည်။ ဆောင်ရွက်ထားသောကိစ္စများကို လိုက်လံတုပသူများ ပေါ်ပေါက်မည်။ မတော်တဆ ထိခိုက်မှုဖြစ်တတ်သည်။ သူတစ်ပါးကိစ္စ ကြားဝင်၍ တာဝန်ယူခြင်း၊ အာမခံခြင်းမပြုရ။ ပြဿနာဖြစ်မည်။

## မတ် ၂၁ ရက် မှ ဧပြီ ၂၀ ရက် တန်ခူးလ (ARIES) (မိဿရာသီ)

July 30th မှ Aug 5th ကြား

အတိုက်အခံကြားမှ တိုးတက်မှုကို ရှာဖွေရမည်။ အစီအစဉ်ချမှတ်ပြီးလုပ်၍မရ။ ချက်ချင်းဆုံးဖြတ်လက်ငင်းလုပ်သော အနေအထားမျိုးကြုံမည်။ ကတိစကားပျက်သောသူများနှင့် ကြုံနိုင်သည်။ ကိုယ့်အပေါ် အထောက်အကူပြုမည့်သူ ကူညီပေးမည့်သူများနှင့် ဝေးကွာနေမည်။ အနှောင့်အယှက်ပေးမည့်သူများ ကိုယ့်အပေါ် ခုတုံးလုပ်၍တိုးတက်မှုရှာသူများနှင့် ကြုံမည်။ ပစ္စည်းပျောက်တတ်သည်။ ပစ္စည်းအဝယ်မှားနိုင်သည်။ နေရာထိုင်ခင်းကိစ္စအတွက် စကားပြောဆိုရမည်။ ပေါ်ပေါက်လာသော အပြောင်းအလဲများကို အသုံးချ၍ တိုးတက်မှုရအောင် ဖန်တီးရမည်။ အပြောင်းအလဲကိစ္စ ခရီးကိစ္စဆောင်ရွက်ခြင် အဆင်ပြေမည်။ ငွေလက်လွှန် ဆုံးရှုံးလွယ်သည်။

## ဒီဇင်ဘာ ၂၂ ရက် မှ ဇန်နဝါရီ ၂၀ ရက် ပြာသိုလ (CAPRICORN) (မကာရရာသီဖွား)

July 30th မှ Aug 5th ကြား

အခြေအနေသစ်နှင့် တိုးတက်မှုများကြုံမည်။ ရည်ရွယ်ချက်သစ်များကို လက်တွေ့ဆောင်ရွက်နိုင်မည်။ လူမျိုးကွဲကောင်းကျိုးပေးမည်။ မိတ်ဆွေများထံမှ အကူအညီကောင်းရမည်။ မေတ္တာရေးစန်းကောင်းမည်။ ချစ်သူရခြင်း၊ အိမ်ထောင်ရေးကိစ္စကြုံခြင်းများ ဖြစ်ပေါ်မည်။ နေရာသစ်၊ ဝန်းကျင်သစ်နှင့် ဆက်ဆံရမည်။ စုပေါင်းလုပ်သော ကိစ္စများမှ ထူးခြားသော အကျိုးဆက်ရရှိမည်။ ကာလအတန်ကြာ ပိတ်နေသော လမ်းကြောင်းများပြန်ပွင့်မည်။ အဆက်အသွယ်ကောင်းများနှင့် ပြန်လည်ချိတ်ဆက်မိမည်။ မမျှော်လင့်ဘဲ ခရီးသွားရမည်။ ငွေကြေးအပေးအယူကိစ္စများတွင် သတိရှိပါ။ ကိုယ့်အပေါ် လိမ်ညာလှည့်စားသူများနှင့် တွေ့တတ်သည်။ ကျန်းမာရေးအညံ့ရှိသည်။

## နိုဝင်ဘာ ၂၃ ရက် မှ ဒီဇင်ဘာ ၂၁ ရက် နတ်တော်လ (SAGITTARIUS) (ဓနုရာသီဖွား)

July 30th မှ Aug 5th ကြား

အပြောင်းအလဲများကို စနစ်တကျဆောင်ရွက်နိုင်မည်။ ပေါ်ပေါက်လာသော စိတ်ကူးသစ်များကို လက်တွေ့အသုံးချ၍ တိုးတက်မှုအဆင့်ဆင့်ရမည်။ အတူပူးတွဲဆောင်ရွက်သူများ၏ အထောက်အကူရရှိမည်။ ထူးခြားသောသူများနှင့် ပြန်လည်တွေ့ဆုံရမည်။ လုပ်ငန်းခွင်မှသူများအဖို့ မြင့်မားသော အဆင့်ရှိသော အကြီးအကဲများထံမှ စောင့်ရှောက်မှု၊ အထောက်အကူပြုမှုကို လက်ခံရရှိမည်။ အသစ်ပုံစံဖွဲ့စည်းသော ဘက်သို့ အလုပ်အနေအထားပြောင်းရမည်။ အိမ်တွင်းရေး၊ မိသားစုရေးတွင် ပဋိပက္ခများရှိလင့်ကစား အားလုံးကိုကျော်လွှားပြီး တိုးတက်မှုများရမည်။

## အောက်တိုဘာ ၂၄ ရက် မှ နိုဝင်ဘာ ၂၂ ရက် တန်ဆောင်မုန်းလ (SCORPIO) (ဗြိစ္ဆာရာသီ)

July 30th မှ Aug 5th ကြား

အေးအေးချမ်းချမ်း ပြီးမြောက်နိုင်သည့်ကိစ္စတစ်ခုအား အလောတကြီးလုပ်ဆောင်မှုကြောင့် ကစဉ့်ကလျားဖရိုဖရဲဖြစ်တတ်သည်။ စဉ်းစားတွေးခေါ်မှုများ၊ လုပ်ငန်းဆောင်ရွက်မှုများ အားလုံးသည်လည်း သူတစ်ပါးနှင့်မတူသလိုဖြစ်ကာ လုပ်ကိုင်နေကျကိစ္စမှန်သမျှ ကသိကအောက်ဖြစ်တတ်သည်။ မည်သည့်ဆုံးဖြတ်ချက်ကိုမဆို ချမှတ်ရန် မသင့်သေး။ မူလစီစဉ်ထားသည့်အတိုင်းသာလျှင် လုပ်ကိုင်သင့်သည်။ အပြောင်းအရွှေ့၊ အပြောင်းအလဲများကို ယခုရက်အတွင်း ဆောင်ရွက်ခြင်းဌာ မသင့်တော်သေး။ ခရီးသွားရန်လည်း မသင့်သေး။ မတတ်သာ၍ ခရီးသွားခြင်းကြုံကလည်း အနက်ရောင်၊ အနီရောင်ကို ခရီးစဉ်တစ်လျှောက် ဝတ်ဆင်ခြင်းမပြုရ။ အရပ်ဝေးမှ လာရောက်သော မိတ်ဆွေတစ်ဦး မတော်တဆထိခိုက်မှုကြုံမည်။ လိုက်လံကူညီဖြေရှင်းပေးရမည်။

## စက်တင်ဘာ ၂၃ ရက် မှ အောက်တိုဘာ ၂၃ ရက် သီတင်းကျွတ်လ (LIBRA) (တူရာသီဖွား)

July 30th မှ Aug 5th ကြား

သူတစ်ပါးနှင့်ယှဉ်ပြိုင်ပြီး လုပ်ကိုင်သည့်ကိစ္စများမှ ထူးခြားသောတိုးတက်မှုများရမည်။ အပြိုင်အဆိုင်များ၊ အတိုက်အခံများကြားမှ တိုးတက်မှုအဆင့်ဆင့်ကြုံမည်။ လူမျိုးကွဲအကျိုးပေးမည်။ တစ်ပါးသူနှင့်ယှဉ်ပြိုင်ပြီးလုပ်ကိုင်သောကိစ္စများမှ အောင်မြင်သော အခြေအနေကောင်းများဖြစ်ထွန်းမည်။ အရပ်ဝေးမှကောင်းသော သတင်းစကားရမည်။ ဝေးကွာနေသော သူများနှင့် ပြန်လည်ဆုံစည်းမည်။ ပြတ်တောက်နေသော အဆက်အသွယ်များနှင့် ပြန်လည်ချိတ်ဆက်မိမည်။ လမ်းသစ်ထွင်ပြီးလုပ်သောကိစ္စများ၊ ပြဌာန်းချက်သစ်နှင့် ဆောင်ရွက်သောကိစ္စများမှ ထူးခြားသော တိုးတက်မှုရမည်။ ရုတ်ချည်းဆုံးဖြတ်ပြီးတပုန်ထိုးရှေ့တိုးလုပ်ကိုင်သောကိစ္စမှ မြင့်မားသော အောင်မြင်မှုနှင့် တိုးတက်မှုရမည်။ လုပ်ငန်းဝန်းကျင်နှင့် ဆက်ဆံရသောသူများအတွင်း ဖြစ်ပေါ်လာသော အပြောင်းအလဲအလုံးစုံသည် အနာဂတ်အကျိုးအတွက် အထောက်အကူပြုသည်။

## မေ ၂၂ ရက် မှ ဇွန် ၂၁ ရက် နယုန်လ (GEMINI) (မေထုန်ရာသီဖွား)

July 30th မှ Aug 5th ကြား

မိတ်ကောင်းဆွေကောင်း အထောက်အကူရမည်။ ကိုယ်ကအကူအညီတောင်းဆိုခြင်းမရှိဘဲ အလိုအလျောက် အထောက်အကူပြုလိမ့်မည်။ ဝေးကွာနေသောသူများနှင့် ပြန်လည်ဆုံစည်းနိုင်မည်။ အလုပ်ကိစ္စနှင့် ပတ်သက်သောကံ ထူးထူးခြားခြားကောင်းမည်။ ကိုယ်တိုင်တွင်လည်းကောင်း၊ မိသားစုတွင်လည်းကောင်း လုပ်လိုသောဆန္ဒ၊ ဖြစ်လိုသောဆန္ဒ အလုံးစုံပြည့်စုံကုန်လုံပြီးမြောက်မည်။ ကျန်းမာရေးအညံ့ရသည်။ မတော်တဆ လဲပြိုခြင်း၊ ထိခိုက်ခြင်းများ ဖြစ်တတ်သည်။ အနီရောင်နှင့် အနက်ရောင် တပြိုင်တည်းတွဲဖက်ဝတ်ဆင်ခြင်း မပြုရ။ သူတစ်ပါးအပေါ် ယုံစားလွယ်ခြင်း မရှိသင့်။ အယုံသွင်းပြီး ဒုက္ခပေးသောသူများနှင့် တွေ့ဆုံရတတ်သည်။ အိမ်ခေါင်ပျက်၍ ပြင်ရမည်။

## ဩဂုတ် ၂၄ ရက် မှ စက်တင်ဘာ ၂၂ ရက် တော်သလင်းလ(VIRGO)(ကန်ရာသီဖွား)

July 30th မှ Aug 5th ကြား

မူလစီစဉ်ထားသည့်ကိစ္စမှန်သမျှကို ယာယီဆိုင်းငံ့ပြီးနောက် လိုအပ်သည့်ကိစ္စများကို ရှေ့တိုးဆောင်ရွက်ပါ။ ကိုယ်ပိုင်အရည်အသွေးများ ထက်မြက်နေမည်။ အလုပ်အကြံအစည်မှန်သမျှကို အရှိန်မြှင့်၍ ရှေ့တိုးဆောင်ရွက်သွားပါ။ ပြောင်းလဲလာသည့် လူသစ်၊ ဝန်းကျင်သစ်များနှင့် သဟဇာတဖြစ်အောင် ဆက်ဆံပြီး တိုးတက်မှုအဆင့်ဆင့်ရမည်။ မိဘအကြီးအကဲများ၏ ကျန်းမာရေးအတွက် စိတ်ပင်ပန်းရမည်။ အလိုက်မသိသော၊ ဒုက္ခပေးတတ်သော၊ အချိန်လာဖြုန်းသော ဧည့်သည်များ အိမ်သို့အဝင်အထွက်များမည်။ ခြံ၊ ကား၊ အခန်းအစရှိသည်များ အရောင်းအဝယ်ပြုခြင်း၊ အလဲအလှယ်ပြုခြင်းမှ ပြဿနာဖြစ်ပေါ်ခြင်းများကို လိုက်လံကူညီဖြေရှင်းပေးရမည်။ လူလိမ်ပွဲစားများ၏ အန္တရာယ်ကို လိုက်လံဖြေရှင်းပေးရခြင်းရှိမည်။ ရပ်တန့်ဆိုင်းငံ့ထားသည့် အရပ်ဝေးအဆက်အသွယ်များ၊ နိုင်ငံခြားကိစ္စများ ပြန်လည်ဆောင်ရွက်အဆင်ပြေမည်။

## ဇူလိုင် ၂၃ ရက် မှ ဩဂုတ် ၂၃ ရက် ဝါခေါင်လ (LEO) (သိဟ်ရာသီဖွား)

July 30th မှ Aug 5th ကြား

အတွေ့အကြုံသစ်များ ကြုံမည်။ လမ်းသစ်ထွင်၍ လုပ်ကိုင်ခြင်းမှ အောင်မြင်မှုများရရှိမည်။ စိတ်ထဲမတွေးလျှင်ထင်လျှင် လက်တွေ့မှန်ကန်သော အနေအထားရှိမည်။ ဤကာလအတွင်း မြင်မက်သော အိမ်မက်များ ကြုံတွေ့သော အတိတ်နိမိတ်ဆန်းများသည် ထူးခြားတိုက်ဆိုင်ထင်ရှားစွာ လက်တွေ့အနာဂတ်ဖြစ်ရပ်များနှင့် ဆက်နွှယ်မည်။ မည်သည့်ကိစ္စကို ဆောင်ရွက်စေ၊ အမြော်အမြင်ကြီးမားစွာ၊ လိမ္မာပါးနပ်မှုရှိစွာနှင့် ဆောင်ရွက်ပါ။ အိမ်ဝန်း၊ ခြံ၊ အကာအကွယ်ကိစ္စအတွက် ငွေကုန်ကြေးကျများမည်။ အိမ်အနီးအပါးမှ သူများနှင့် စကားများရမည်။ ဦးခေါင်းကွဲသူများ ဆေးရုံ၊ ဆေးခန်းလိုက်လံပို့ရတတ်သည်။ ရန်အတိုက်အခံများကို ကျော်လွှား၍ တက်လမ်းရမည်။ အပြောင်းအလဲကြားမှ အလိုရှိရာ ဆောင်ရွက်နိုင်မည်။ ဆောင်ရွက်ထားသည့် ကိစ္စများမှ အကျိုးအမြတ်ကောင်းများ အပြည့်အဝခံစားရရှိနိုင်သည်။

## ဇွန် ၂၂ ရက် မှ ဇူလိုင် ၂၂ ရက် ဝါဆိုလ (CANCER) (ကရကဋ်ရာသီ)

July 30th မှ Aug 5th ကြား

ဆိုးမယောင်နှင့် ကောင်းသောကာလဖြစ်သည်။ ပြဿနာများ ခတ္တငြိမ်းအေးသွားမည်။ ရန်အတိုက်အခံ အချို့အား ကျော်လွှားနိုင်မည်။ မူလအဆင့်ထက် မြင့်မားသော အခြေအနေတစ်ခုသို့ ရောက်ရှိအကျိုးပေးမည်။ လုပ်ငန်းဟောင်းအချို့အား ရပ်၍ လမ်းသစ်၊ လုပ်ငန်းသစ်သို့ ဦးတည်မည်။ သူတစ်ပါးနှင့် မတူခြားနားသော စိတ်ကူးနှင့် အတွေးတို့ကို အသုံးချပြီး တက်လမ်းရရှိမည်။ စီးပွားရေးတွင် အရောင်းထိုင်းပစ္စည်းများမှ အကျိုးအမြတ်ရခြင်း၊ ရပ်တန့်ထားသော ကိစ္စများ ပြန်လည်ဆောင်ရွက်တိုးတက်မှုရမည်။ အတတ်ပညာနှင့် ပတ်သက်၍ ရည်မှန်းထားသလောက် အောင်မြင်မည်။ လုပ်ငန်းခွင်မှသူများ လုပ်ငန်း၊ ရာထူးအဆင့်တိုးတက်မည်။ အဆင့်မြင့်တာဝန်များ ဆောင်ရွက်အောင်မြင်မည်။ စကားအပြောအဆို သတိရှိပါ။ တစ်ပါးသူအပေါ် အကူအညီပေးနိုင်ခြင်းရှိမည်။

## ဇန်နဝါရီ ၂၁ ရက် မှ ဖေဖော်ဝါရီ ၁၈ ရက် တပို့တွဲလ (AQUARIUS) (ကုမ်ရာသီဖွား)

July 30th မှ Aug 5th ကြား

ကောင်းသော အပြောင်းအလဲနှင့် ထူးခြားသော တိုးတက်မှုများ ရမည်။ ငွေကြေးကိစ္စ၊ အလုပ်ကိစ္စများစနစ်တကျ အောင်မြင်နိုင်သော အနေအထားရှိမည်။ မိတ်ကောင်း၊ ဆွေကောင်း အကူအညီရမည်။ အရပ်ဝေးနိုင်ငံရပ်ခြားနှင့် ပတ်သက်သော ကိစ္စများ ကိုယ်တိုင်တွင်လည်းကောင်း၊ မိသားစုတွင်လည်းကောင်း ကြုံမည်။ အရှုပ်အထွေးများ၊ ပဋိပက္ခများကြား ပါဝင်ပတ်သက်ရသော အနေအထားရှိမည်။ တစ်ပါးသူဖြစ်ပေါ်နေသည့် ပြဿနာများကို ကြားဝင်၍ ပြောဆိုဖြေရှင်းရခြင်းများကြုံမည်။ မေတ္တာရေးစန်းပွင့်မည်။ လူချစ်လူခင်ပေါများမည်။ တစ်ဦးထက်ပိုသော ချစ်သူများနှင့် အချစ်ရေးကိစ္စများ ကြုံတွေ့ကရမည်။ စုပေါင်းတွဲဖက်လုပ်ငန်းများမှ ထူးခြားသော အကျိုးဆက်ကောင်းများရလာမည်။ မထင်မှတ်သော ငွေဝင်လမ်းများ ပေါ်ပေါက်မည်။ ဉစ္စာခနတိုးပွားမည်။ လာဘ်လာဘတိုးမည်။

# အားကစား

## ဘောလုံး အကယ်ဒမီ မေလ တတိယပတ် ဖွင့်မည်

မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ်နှင့် ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ်တို့ ပူးပေါင်းဆောင်ရွက်ခဲ့သော မန္တလေးမြို့ရှိ ဘောလုံး အကယ်ဒမီကို မေလ တတိယပတ်တွင် ဖွင့်လှစ်ရန် စီစဉ်ထားကြောင်း အဆိုပါ ဘောလုံးအကယ်ဒမီမှ ကျောင်းအုပ်ကြီး ဦးစိုးညွန့်က ပြောကြားသည်။ ၁၅ ဧက ကျယ်ဝန်းသည့် ဘောလုံးအကယ်ဒမီတွင် သုံးထပ်ဆောင် ပါရှိပြီး ဘောလုံးအသင်း သုံးသင်းစာ နေနိုင်သည့် အဆောင်၊ လူ ၁၂၀ စားသောက် နိုင်သည့် စားဖိုဆောင်၊ မီးဖိုခန်းတို့ ပါရှိသည်။ နည်းပြများအတွက် အဆောင်သီးသန့် ပါရှိပြီး အထူးဧည့်သည်များ အတွက်လည်း သီးသန့်အခန်း ထားရှိသည်။ ထို့ပြင် စာသင်ဆောင်၊ ကာယကြံ့ခိုင်မှု လေ့ကျင့်ဆောင်၊ အစည်းအဝေးခန်းမ စသည်တို့လည်း ပါရှိသည်။ "ဒီအဆောက်အအုံကို ကနဦးက ရောရှေဝါ ကုမ္ပဏီက တာဝန်ယူခဲ့ပြီး ရေမီး၊ landscaping ပိုင်းတွေကို Max ကုမ္ပဏီက တာဝန်ယူခဲ့ပါတယ်။ ဖွင့်ပွဲရက်ကို မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ်က သတ်မှတ်မယ့် ရက်ကိုပဲ ဖွင့်လှစ်မှာ ဖြစ်ပါတယ်။ ၂၁ ရက်နေ့လို့ပဲ ခန့်မှန်းထားရတာပါပဲ" ဟု ပြောကြားသည်။ အဆိုပါ ဘောလုံး အကယ်ဒမီအတွက် ၁၁ နှစ်အောက် အယောက် ၃၀၊ ၁၃ နှစ်အောက် အယောက် ၃၀၊ ၁၅ နှစ်အောက် အယောက် ၃၀၊ ရွေးချယ် ထားပြီးဖြစ်ကာ နိုင်ငံခြား နည်းပြချုပ်တစ်ဦး၊ မြန်မာ နည်းပြသုံးဦးတို့က တာဝန်ယူ သင်ကြားပေးမည့်အပြင် မြန်မာ့ ဘောလုံး လက်ရွေးစင် အဖြစ် မွေးထုတ်ရန် ရည်စူး ဆောင်ရွက်ထားကြောင်း သိရသည်။ အဆိုပါ ဘောလုံးအကယ်ဒမီသည်မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်သိပ္ပံလမ်း တောင်ဘက်၌ တည်ရှိကြောင်း ၂၀၁၀ ခုနှစ် မေလ ၂၁ ရက်နေ့ထုတ် မြန်မာတိုင်း(မ်) ဂျာနယ်တွင် ဖော်ပြထားပါသည်။

## မြန်မာအမျိုးသမီး ဘောလုံးအသင်းများ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဖီဖာမှ အမျိုးသမီး ဘောလုံးကျွမ်းကျင်သူ လာရောက် အကူအညီပေးမည်

မြန်မာအမျိုးသမီး ဘောလုံးအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA)မှ အမျိုးသမီး ဘောလုံးရေးရာ ကျွမ်းကျင်သူ ဂျာမနီနိုင်ငံသူ Mrs. Monika Staab သည် ရန်ကုန်မြို့သို့ မေ ၂၄ ရက်မှ ၃၁ ရက်အထိ လာရောက်ပြီး လိုအပ်သည့် ဆွေးနွေး သင်ကြား ကူညီမှု များ ပြုလုပ်သွားမည် ဖြစ်သည်။ မြန်မာအမျိုးသမီး လက်ရွေးစင် အသင်းများနည်းတူ အမျိုးသမီးအသင်းများကိုလည်း နိုင်ငံတကာ ပြိုင်ပွဲများတွင် အောင်မြင်မှုများ ပြန်လည်ရရှိစေရန် ရေတိုရေရှည်စီမံချက်များ ချမှတ်အကောင်အထည်ဖော်နေသော မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် FIFA ထံသို့ မြန်မာအမျိုးသမီး ဘောလုံးအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပံ့ပိုးမှုများ ပေးရန် ဆက်သွယ် တင်ပြ တောင်းခံ ခြင်းကြောင့် ဂျာမနီ အမျိုးသမီး လက်ရွေးစင် ကစားသမားဟောင်းနှင့် နည်းစနစ် ညွှန်မှူးဟောင်းဖြစ်သူ FIFA Women Football Instructor Mrs. Monika Staab အားယခုကဲ့သို့ မြန်မာနိုင်ငံသို့ စေလွှတ်ခြင်း ဖြစ်သည်။ ၂၀၀၇ ခုနှစ်ကလည်း မြန်မာနိုင်ငံသို့ လာရောက်ဖူးသည့် Mrs. Monika Staab သည် ရန်ကုန်မြို့၌ ရောက်ရှိနေစဉ်အတွင်း မြန်မာ့ လက်ရွေးစင် အမျိုးသမီးအသင်း၊ လူငယ် လက်ရွေးစင်အသင်းနှင့် အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်တက္ကသိုလ် လက်ရွေးစင်အသင်းများ၏ လေ့ကျင့် ပြင်ဆင်မှုများ၊ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုအခြေအနေများကိုစစ်ဆေးကြပ်မတ် အကြံပြုမှုများ ပြုလုပ်သွားမည့်အပြင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့်လည်း မြန်မာ့အမျိုးသမီး ဘောလုံးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည့်အချက်အလက်များကို ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်မည် ဖြစ်ကြောင်း ၂၀၁၀ ခုနှစ် မေလ ၂၀ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ဖော်ပြထားပါသည်။

## မြန်မာမျိုးဆက်သစ် လူငယ် ဂေါက်သီးသမားများ နိုင်ငံတကာ ပြိုင်ပွဲများသို့ သွားရောက် ယှဉ်ပြိုင်လျက်ရှိ

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၃ ခုနှစ်(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က ဂေါက်သီးအားကစားဖြင့် နိုင်ငံ့ဂုဏ် မြှင့်တင်ပေးနိုင်ရေး ရည်မှန်းချက်ဖြင့် မြန်မာမျိုးဆက်သစ် လူငယ်ဂေါက်သီး အားကစား သမားများအား နိုင်ငံတကာပြိုင်ပွဲများသို့ စဉ်ဆက်မပြတ် စေလွှတ်ယှဉ်ပြိုင်စေလျက် ရှိသည်။ မေလ ၁၄ ရက်မှ ၁၆ ရက်အထိမလေးရှားနိုင်ငံ Seremban International Golf Club ၌ကျင်းပသည့် 27th Men & 19th Ladies Amateur Open ဂေါက်သီးချန်ပီယံရှစ်ပြိုင်ပွဲသို့ နေဗလဝင်းမြင့်၊ ရန်မျိုးအေးနှင့် ယဉ်မေမျိုးတို့ပါဝင်သော ဂေါက်သီးအားကစားအဖွဲ့သည်လည်းကောင်း၊ မေ ၂၀ ရက်မှ ၂၃ ရက်အထိမလေးရှားနိုင်ငံ Damai Laut Golf & Country Club တွင်ကျင်းပမည့် 108th Malaysian Amateur Open ဂေါက်သီးချန်ပီယံရှစ် ပြိုင်ပွဲသို့ ဦးစိုးကျော်နိုင်နှင့်ဦးဆန်းထွန်းတို့ဦးဆောင်ကာကစားသမားများအဖြစ် နေဗလဝင်းမြင့်၊ရန်မျိုးအေး၊ စိုးမိုးဝင်း၊ ယဉ်မေမျိုး၊ မောင်မောင်ဦးနှင့် ရဲထက်အောင်တို့ ပါဝင်သော အဖွဲ့သည် လည်းကောင်း၊ မေ ၂၅ ရက်မှ ၂၇ ရက်အထိ မလေးရှားနိုင်ငံ Saujana Golf & Country Club တွင် ကျင်းပမည့် Kurina Saujana Amaterur Open Golf Championships 2010 ပြိုင်ပွဲသို့ သွားရောက် ယှဉ်ပြိုင်ကြမည် ဖြစ်သည်။ မေ ၁၄ ရက်မှ ၁၆ ရက်အထိ မလေးရှားနိုင်ငံ Seremban Internat -ional Golf Club ၌ ကျင်းပသည့် 27th Men & 19th Ladies Amateur Open ဂေါက်သီး ချန်ပီယံရှစ် ပြိုင်ပွဲ၌ မယဉ်မေမျိုးက (၇၄)ချက်၊ (၇၆)ချက်၊ (၇၄)ချက် စုစုပေါင်း (၂၂၄) ချက်ဖြင့် ပထမဆုရရှိခဲ့ကြောင်း ၂၀၁၀ ခုနှစ် မေလ ၁၉ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ဖော်ပြထားပါသည်။

## ၂၀၁၀ ခုနှစ် အာရှဖလား အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဝင်ရန် မြန်မာအသင်း တရုတ်နိုင်ငံသို့ ထွက်ခွာ

၂၀၁၀ ခုနှစ် အာရှဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲဝင်ရန် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် ၁၇ရက်နေ့က လေကြောင်းခရီးဖြင့် ပြိုင်ပွဲကျင်းပမည့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ ထွက်ခွာသွားကြပြီ ဖြစ်သည်။ မေ ၁၉ ရက်မှ ၃၀ ရက်အထိ ကျင်းပမည့် အဆိုပါ ပြိုင်ပွဲတွင် မြန်မာအသင်းသည် အုပ်စု(က)၌ပါဝင်ပြီး မြောက်ကိုရီးယား၊ဂျပန်၊ ထိုင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေရာ မေ ၂၀ ရက်တွင် ဂျပန်အသင်း၊ မေ ၂၂ ရက်တွင် မြောက်ကိုရီးယားအသင်းနှင့် မေ ၂၄ ရက်တွင် ထိုင်းအသင်းတို့ နှင့် အုပ်စုပွဲစဉ်များအဖြစ် ယှဉ်ပြိုင် ကစားကြမည် ဖြစ်သည်။ အုပ်စု(ခ)တွင် အိမ်ရှင်တရုတ်၊ တောင်ကိုရီးယား၊ ဩစတြေးလျနှင့် ဗီယက်နမ်တို့ ပါဝင်ပါသည်။ မြန်မာအသင်းမှာ ထိုင်းနှင့် ဗီယက်နမ်တို့ နည်းတူ ခြေစစ်ပွဲ ယှဉ်ပြိုင်ကစားခဲ့ရပြီး ယင်းခြေစစ်ပွဲတွင် ဂျော်ဒန်ကို သုံးဂိုး - ဂိုးမရှိ၊ တရုတ်(တိုင်ပေ)ကို ငါးဂိုး-နှစ်ဂိုးတို့ဖြင့် နိုင်ကာအုပ်စုပထမဖြင့် ယခုပြိုင်ပွဲသို့ဝင်ခွင့် ရရှိခဲ့ခြင်းဖြစ်သည်။မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းတွင် နည်းပြချုပ် ဦးအေးကြူကြီး၊ လက်ထောက်နည်းပြ ဦးမျိုးမြင့်ထွေး၊ ဂိုးနည်းပြ ဦးမျိုးချစ်၊ အုပ်ချုပ်သူ ဒေါ်မြတ်မြတ်ဦး၊ အသင်းဆရာဝန် ဒေါက်တာခင်စောရီနှင့် ကစားသမားအဖြစ် ဂိုး- မေခင်ယမင်း၊ သင်းသင်းစိုး၊ နောက်တန်း- မြင့်မြင့်အေး၊ စန်းစန်းမော်၊ စန်းစန်းသိန်း၊ နန်းနင်းနင်းထွေး၊ နေဇာလင်းလင်းအောင်၊ မိုးမိုးဝါ၊ အလယ်တန်း- သူဇာထွေး၊ စန်းယုနိုင်၊ အေးနန္ဒာလှိုင်၊ သန်းသန်းထွေး၊ အေးအေးမာ၊ သန္တာမိုး၊ ခင်မိုးဝေ၊ ရှေ့တန်း- မိုင်နီလာထွေး၊ မာဂရက်မေရီ၊ ခင်မာလာထွန်း၊ ရီရီဦးနှင့် နော်အေးလိုဝါးဖောစသည့်ကစားသမား(၂၀) ဦး လိုက်ပါ သွားကြောင်း ၂၀၁၀ ခုနှစ် မေလ ၁၉ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြထားပါသည်။

# အနုပညာ

## <u>အချစ်ရေးက နွေးနွေးထွေးထွေးရှိပါတယ်ဟု ပြေတီဦး ပြောကြား</u>

ယခုနှစ်အတွင်း အိမ်ထောင်ရေး၊ အချစ်ရေးသတင်းအချို့ထွက်ပေါ်ခဲ့ဖူးသော နာမည်ရမင်းသား ပြေတီဦးသည် ယခုရက်ပိုင်းအတွင်း နာမည်ကြီးမင်းသမီးတစ်ဦးနှင့် အချစ်ရေးသတင်းများ ထွက်ပေါ်လာခဲ့ရာ ၄င်းနှင့် ဇူလိုင်လ ၂၂ရက်နေ့က ရိုက်ကွင်းတစ်ခုတွင် တွေ့ဆုံခဲ့ခြင်းကြောင့် မေးမြန်းရာတွင် "ကျန်တဲ့အကြောင်းတွေတော့ သိပ်မဖြေချင်သေးဘူး။ အချစ်ရေးကတော့ အေးအေးဆေးဆေးနွေးနွေးထွေးထွေးပါပဲ"ဟု ဖြေကြားခဲ့သည်။ ပရိသတ်က သိချင်နေကြသည့် အနုပညာရှင်တစ်ဦးနှင့် ချစ်သူဖြစ်သွားပြီလားဟု မေးမြန်းမှုကို မင်းသားက"အဲဒါတွေက တော့ ကျွန်တော်တို့နောက်မှပဲ အတိအကျပြောပါမယ်။ ဒီနှစ်ထဲမှာ အိမ်ထောင်ပြုဖို့တော့ မရှိသေးပါဘူး"ဟု ဖြေကြားခဲ့သည်။ ဘယ်တော့လောက်များ အသိပေးချင်ပါသလဲဆိုခြင်းကိုမူ "အချိန်တန်ပြီဆိုရင် အသိပေးမှာပါ"ဟု ပြန်လည်ဖြေကြားခဲ့သည်။

(၂၀၁၀ခုနှစ် ဇူလိုင်လ ၂၉ရက်နေ့ထုတ် 7 Day News ဂျာနယ်)

## ဘဝတစ်နေရာရာမှာ အကျိုးရှိတဲ့၊ အဓိပ္ပာယ်ရှိတဲ့လူဖြစ်ရလို့ ကျေနပ်နေတဲ့ ချစ်သုဝေ

မေး - အခု လတ်တလော ဘာတွေလုပ်နေလဲ။

ဖြေ - လတ်တလော ရိုက်တဲ့ဇာတ်ကားက သူထူးစံနဲ့ "နွယ်"ဆိုတဲ့ Animation ကားလေးရိုက်တာပြီးသွားပြီ။ ခုတလော ကားရိုက်နားထားပါတယ်။ ခုတော့ လက်ခံထားတာမရှိသေးဘူး။

မေး - "တစ်ရှိုက်မက်မက်" စီးရီးဗီစီဒီကို စိတ်ကျေနပ်မှုရှိပါသလား။

ဖြေ - တစ်ရှိုက်မက်မက်ကိုပိုပြီး စိတ်ကျေနပ်တာပေါ့။ "သို့ ဖေဖေနဲ့မေမေ" တုန်းက မမရော၊ သမီးရော ဝါသနာပါလို့ စတူဒီယိုဒိတ်ရရင် သွားဆိုကြတဲ့ကလေးတွေ။ကိုယ့်ကို ဂိုက်လုပ်ပေး မယ့်သူမရှိဘူး။ ဒီအခွေကျတော့ သီချင်းလေးတွေကို ကိုယ်ပိုင်သံစဉ်လေးတွေ ရွေးတတ်လာတယ်။ စီစဉ်တာလေးကအစ ကိုယ်ကိုယ်တိုင်အကုန်လုံးလိုက်လုပ်ခဲ့တာဆိုတော့ ပရိသတ် အသိအမှတ်ပြုခံရတဲ့အခါ ပျော်တယ်။

မေး - အနုပညာရှင်၊ ဆရာဝန်ဆိုတဲ့ဘဝနှစ်ခုကို ပိုင်ဆိုင်ခွင့်ရတဲ့အတွက် ထရီဇာရဲ့ ခံယူချက်ပီတိလေးသိပါရစေ။

ဖြေ - ရရှိလာတဲ့ဘဝလေးမှာ ပျော်အောင်နေတတ်ရတယ်။ ဘဝမှာဘာကိုမှ တောင့်တောင့်တတရှိတဲ့အထဲမှာ ထရီဇာမပါဘူး။ ဒါပေမဲ့ရရှိလာတဲ့အရာကို တန်ဖိုးထားပြီး ကြိုးစားတတ်တဲ့ အထဲမှာတော့ ပါတယ်။ ကျောင်းစာဆိုလည်းစာအလျောက်၊ အနုပညာဆိုလည်း အနုပညာအလျောက် အတတ်နိုင်ဆုံးကြိုးစားခဲ့တယ်။ ဒီနေရာ မရခဲ့ရင်လည်းကျေနပ်တယ်။ ကိုယ့်ဘဝ ကိုယ် သာမန်ဘဝလေးလိုပဲ မြင်တယ်။ သာမန်ဘဝထဲမှာ Celebrity Life နဲ့နေရတယ်။ ထရီဇာလုပ်ချင်တဲ့ ပရဟိတလေးတွေဆိုရင် သူများလုပ်တာထက်ပိုပြီး ထိထိရောက်ရောက်လေး လုပ်နိုင်တယ်။ အနုပညာကရလာတဲ့ ဝင်ငွေလေးနဲ့ ထရီဇာ့မိသားစုကို ကျွေးလို့ရတယ်။ ထရီဇာရထားတဲ့ ဆရာဝန်ဘဝလေးနဲ့ လိုအပ်တဲ့သူတွေကို ကုပေးလို့ရတယ်။ ဘဝတစ်နေရာရာမှာ အကျိုးရှိတဲ့၊ အဓိပ္ပာယ်ရှိတဲ့လူဖြစ်ရလို့ ကျေနပ်တယ်။

မေး - တစ်ကိုယ်တော်ခွေကိုရော စီစဉ်နေပါပြီလား။

ဖြေ - စီစဉ်နေပါပြီ။ ဒီနှစ်ကုန်ပိုင်းထွက်ဖြစ်မှာပါ။ ပထမဆုံး တစ်ကိုယ်တော်ခွေဖြစ်တဲ့အတွက် သီချင်းအားလုံးကို ကိုယ်ပိုင်သံစဉ်ပဲစုထားပါတယ်။ သီချင်းပုံစံလေးတွေက British Rock စတိုင်လ်လေးတွေပါပဲ။ လင်းလင်း၊ ရယ်ဂျီ၊ နော်နော်၊ ဟဲလေး တေးရေးလေးယောက်။ Mixing ဆွဲဖို့နဲ့ပ အချောသုံးပုဒ်ဆိုဖို့ကျန်သေးတယ်။ အားလုံးလက်စသတ်ပြီးသွားရင် ပရိသတ် လက်ထဲကို ထည့်ပေးပါမယ်။ အခွေကို အရမ်းပင်ပင်ပန်းပန်းလုပ်ထားတဲ့အတွက် ပရိသတ်ရဲ့အသိအမှတ်ပြုမှုလေးကို ထရီဇာပြန်ရချင်ပါတယ်။ ဆန်းသစ်လို့ရသမျှ ဆန်းတဲ့စိတ်ကူးလေး တွေနဲ့ ရသစုံခံစားနိုင်အောင် ကြိုးစားပြီးလုပ်ထားပါတယ်။

မေး - အနုပညာရှင်တစ်ယောက်အနေနဲ့ ဘယ်အချက်က အရေးကြီးဆုံးလို့ထင်လဲ။

ဖြေ - အနုပညာရှင်ရယ်မဟုတ်ပါဘူး။ လူတစ်ယောက်အနေနဲ့ အရေးကြီးဆုံးကတော့ ဟုတ်တာပြော၊ မှန်တာလုပ်၊ ရိုးရိုးကျင့်၊ မြင့်မြင့်ကြံပေါ့။

(၂၀၁၀ခုနှစ် ဇူလိုင်လ ၂၉ရက်နေ့ထုတ် 7 Day News ဂျာနယ်)

## ကံအား၊ စန်းအားတွေနဲ့အတူ ကြိုးစားမှုမြှင့်တင်ရင်း ကိုယ်လိုချင်တဲ့အနေအထားရောက်မှာပဲဆိုတဲ့ ဝိုင်းစုခိုင်သိန်း

"ခုချိန်မှာ ဝိုင်းစုကို အတော်များများက ပြောကြပါတယ်။ ဒီကောင်မလေး ကံကောင်းတယ်။ အနုပညာစန်းအားတွေ ကောင်းတယ်လို့ ပြောကြတယ်။ ဝိုင်းစုလည်း ကံတွေ၊ စန်းတွေဆိုတာ ကို ယုံကြည်ပါတယ်။ ဒါပေမယ့် အဲဒါကြီးကိုယုံပြီး ထိုင်စောင့်နေရင် အောင်မြင်မှုနဲ့တွေ့မှာ မဟုတ်ပါဘူး။ ကံအား၊ စန်းအားတွေနဲ့အတူ ကြိုးစားမှုလေးထည့်လိုက်ရင် မြှင့်တင်လိုက်ရင် ကိုယ်လိုချင်တဲ့ပုံစံအနေအထားရောက်လာမယ်ဆိုတာကို ယုံပါတယ်။ အခုဆိုရင် ဝိုင်းစုကြိုးစားမှုတွေ ပိုမြှင့်တင်ရမယ်။ ဘာကြောင့်လဲဆိုတော့ သရုပ်ဆောင်ဘက်မှာလည်း ပရိသတ်တွေ အားပေးနေပြီ၊ ဂီတဘက်မှာလည်း အားပေးနေပြီဆိုတော့ နှစ်ခုစလုံးမလျော့အောင် မြှင့်တင်ရပါမယ်။ တာဝန်တွေလည်း ကြီးလာပါပြီ"လို့ ဝိုင်းစုခိုင်သိန်းက ပြောလာခဲ့ပါတယ်။

(၂၀၁၀ခုနှစ် ဩဂုတ်လ ၁ရက်နေ့ထုတ် 24/7 News ဂျာနယ်)